ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၁၃၁)

နေ့စွဲ – ၂၈.၁၀. ၂၀၁၂

**<u>သမိုင်းကဏ္ဍ</u>**

**အပိုင်း (၂)**
**အလယ်ခေတ်**
(Medieval Period 750 - 1517)
**အာလ်ကူအင် – ပညာရေးကိုပေးသူ**
(Alcuin - Educator)

**နိဒါန်း**

အာလ်ကူအင် အသက်ရှင်နေထိုင်ခဲ့သော ရှစ်ရာစုဝန်းကျင် ဥရောပတိုက်အခြေအနေသည် ဝန်းနည်းစရာကောင်းလှပါသည်။ ငါးရာစုတွင် ရောမအင်ပါယာသည် ဥရောပသို့တိုးဝင်လာသော လူရိုင်းအုပ်ကြီးများအောက်တွင် ကျဆုံးသွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဂရိ–ရောမ ပေါင်းစပ်ထားသည့် ယဉ်ကျေးမှုသည် ရောမအင်ပါယာနှင့်အတူ ပျက်စီးသွားခဲ့ပြီဖြစ်သည်။ ၄င်း ၏နေရာတွင် အတည်တကျမရှိ လှည့်လည်သွားလာနေသော၊ စစ်မက်ကိုဆာလောင်သောမျိုးနွယ်စုများ၊ မယဉ်ကျေးသောလူရိုင်းမျိုး နွယ်စုများ ဝင်ရောက်နေထိုင်လာခဲ့ကြသည်။ ထိုသို့ဖြင့် ဥရောပသည် ကြီးသောမှောင်ထုအောက် ပြန်ရောက်သွားခဲ့ပါသည်။ အေဒီ ရှစ်ရာစုရောက်သော် သာသနာပြုခြင်းကို အမြောက်အများပြုခဲ့ကြပါသော်လည်း၊ ဥရောပတိုက်၏ နေရာအများစုကြီးသည် စာမ တတ်သော၊ အယူသည်းသော ရုပ်တုကိုးကွယ်ကြသော လူရိုင်းအများစုလက်အောက်တွင်သာ ရှိနေခဲ့ပါသည်။ ၄င်းတို့က အသိပညာ အားလုံးကို ဖျက်ဆီးပစ်လိုက်ကြကာ၊ ဥရောပတတိုက်လုံးကို ဖရိုဖရဲပရမ်းပတာဖြစ်ခြင်းသို့ အဆင့်နိမ့်ပစ်လိုက်ကြပါသည်။

မည်မျှ အခြေအနေ ဆိုးသနည်းဆိုသော် ယွင်က တခါမှ သာသနာမပြုခဲ့သလိုပင် ဖြစ်သွားခြင်းဖြစ်ပါသည်။ အဆက်မပြတ် ပြောင်းရွှေ့သွားလာကြခြင်း၊ တနွယ်နှင့်တနွယ် စစ်တိုက်နေကြခြင်းဖြင့် သာသနာပြုလုပ်ငန်းများသည် ပင်လယ်ဒီရေသဖွယ် တက်လိုက်ကျလိုက် ဖြစ်နေခဲ့ပါသည်။

ထိုချိန်ဥရောပ၏ တန်ခိုးအကြီးဆုံးဘုရင်များကို ယနေ့ခေတ် ပြင်သစ်နိုင်ငံဖြစ်မည့်ဒေသတွင် တွေ့နိုင်ပါသည်။ ထိုနေရာတွင် မီရိုဗင်းဂျီးယန်းနန်းဆက်(Merovingian Dynasty)က အုပ်ချုပ်နေပါသည်၊ ယနေ့ခေတ်တိုင်းတာမှုအရ ဘာမှမပြောပလောက်သော်လည်း၊ ထိုခေတ် လူရိုင်းမျိုးနွယ်စုများအကြား အင်အားအတောင့်ဆုံးဖြစ်ပါသည်။ မည်သည့်နိုင်ငံသည် မည်သည့်အထိဖြစ်သည် ဆိုသော နယ်နိမိတ်တိုင်းတာမှုလည်း မရှိခဲ့သေးပါ။ ထို့ကြောင့် တန်ခိုးကြီးသောပြင်သစ်ဘုရင်များက သူတို့၏နယ်နိမိတ်ကို ပြင်သစ်နိုင်ငံတလျှောက်သာမက၊ ဂျာမဏီနယ်အထိပါ ချဲ့ထွင်နိုင်ခဲ့ကြပါသည်။ သို့သော် ဤမင်းဆက်သည် ပုတ်ရဟန်းမင်း၏ လျှို့ဝှက်ကြံစည်ခြင်း၊ ထိုနယ်မြေရှိ အဆင့်မြင့်အရာရှိကြီးများ၏ ပူးပေါင်းကြံစည်ခြင်းတို့ကြောင့် တန်ခိုးမှေးမှိန်သွားပါသည်။ ၄င်း၏နေရာတွင် ကာရိုလင်းဂျီယန်နန်းဆက်(Carolingian Dynasty) အစားထိုးဝင်ရောက်လာပါသည်။

ကာရိုလင်းဂျီယန်နန်းဆက်မှ တန်ခိုးကြီးဆုံးဘုရင်မှာ ကြီးမြတ်သော ချားလ်(Charles the Great) ဖြစ်ပါသည်၊ သူ့ကို ချားလမိန်း(ရှားလမိန်း = Charlemagne)ဟု လူသိများပါသည်။ သူသည် သန့်ရှင်းသောရောမအင်ပါယာ(Holy Roman Empire)ကို တည်ထောင်သူ၊ ပထမဆုံးအုပ်ချုပ်သူ ဘုရင်ဖြစ်ပါသည်။ ၄င်းအင်ပါယာကို ရွတ်နောက်နောက်သမိုင်းပညာရှင်များက သန့်လည်းမသန့်ရှင်းပါ၊ ရောမနှင့်လည်းမဆိုင်ပါ၊ အင်ပါယာဟုပြောနိုင်လောက်သောအဆင့်လည်း မရှိပါဟု ရေးသားလှောင့်ရှိကြပါသည်။ မည်သို့ဖြစ်ပါစေ၊ သန့်ရှင်းသောရောမအင်ပါယာသည် အရေးကြီးခဲ့ပါသည်၊ ၄င်းသည် ပုန်ရဟန်းမင်းတို့၏ အိမ်မက် အကောင်ထည်ပေါ်လာခြင်းလည်း ဖြစ်ခဲ့ပါသည်။ ရောမမြို့၏ဘစ်ရှော့ပ်/ပုတ်ရဟန်းမင်း၏ ထိန်းချုပ်မှုအောက်၊ အုပ်ချုပ်မှုအောက်၌ရှိသော နိုင်ငံရေးအင်ပါယာ ဖြစ်ပါသည်။

အာလ်ကူအင်သည် ရှားလမိန်းဘုရင်ကြီးအုပ်စိုးချိန် ထိုနိုင်ငံကို ပညာသင်ပေးသူ(educator)ဖြစ်ပါသည်။

**ငယ်စဉ်ဘဝ**

အာလ်ကူအင်ကို အင်္ဂလန်နိုင်ငံတွင် ၇၃၅ ခွဲဖွားမြင်ပါသည်။ ယနေ့ခေတ် ယော့ရှိုင်းယားဟုခေါ်သောဒေသတွင်ဖြစ်သည်။ ယော့မြို့တော်အနားတွင်ဖြစ်ပါသည်။ ထိုနေရာတွင် ယွှအခါ အင်္ဂလန်၏အကြီးဆုံးဘုရားကျောင်းများထဲမှ တခုတည်ရှိပါသည်၊ ယော့မင်စတာဘုရားကျောင်းဟု ခေါ်ပါသည်။ မင်းမျိုးမင်းနွယ်ဖြစ်သည်၊ ငယ်စဉ်ကပင် မိဘမဲ့ဖြစ်ခဲ့သည်၊ သို့သော် မိဘများထံမှ အမွေအမြောက်အများ ရလိုက်ပါသည်။ အချိန်မတိုင်ဘဲ သေဆုံးခဲ့ရသောမိဘများကြောင့် သူသည် ဘုန်းကြီးကျောင်းသို့ အပို့ခံရပါသည်၊ ထိုစဉ်ကပင် ၄င်းကျောင်းကို ယော့မင်စတာဟု ခေါ်နေပြီဖြစ်သည်။ ထိုနေရာတွင် သူ့ကို ကျောင်းထိုင်ဘုန်းတော်ကြီး၊ အီသယ်လ်ဘာ့တ်(Ethelbert)က သေချာစွာကြည့်ရှုစောင့်ရှောက်သည်၊ သူသည် သူ့ဆရာလည်း ဖြစ်ပါသည်။

အာလ်ကူအင်သည် မကြာမီ အင်မတန်ထူးချွန်သူဖြစ်ကြောင်း ပြသလာပါသည်၊ ကျောင်းထိုင်ဘုန်းတော်ကြီး၏ တပည့်ကျော်ဖြစ်လာခဲ့ပါသည်။ သူသည် ထိုခေတ် အင်္ဂလန်တွင်ရှိသည့် အကောင်းဆုံးပညာရေးကို ရခဲ့သူဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယော့ဘုန်းကြီးကျောင်းတွင် ထိုခေတ်က တနိုင်ငံလုံးတွင်ရှိသည့် စာကြည့်တိုက်များထဲမှ အကြီးဆုံးစာကြည့်တိုက်ကို ပိုင်ဆိုင်သောကြောင့်ဖြစ်သည်။ ထိုစာကြည့်တိုက်တွင် အသင်းတော်ဖခင်ကြီးများ(Church fathers)၏ စာမူ(စာအုပ်)များစွာ၊ ရောမလူမျိုး စာရေးဆရာကြီးများစွာ၏ စာအုပ်များစွာကို ထားရှိပါသည်။ ထို့ကြောင့် အာလ်ကူအင်သည် ရောမတို့၏ဂန္ထဝင်အတွေးအခေါ်များအားလုံးနှင့် အသင်းတော်၏သီသြလောဂျီအားလုံးတို့ကို လေ့လာနိုင်ခဲ့ပါသည်။ အာလ်ကူအင်သည် သူ့ကိုယ်သူ စာပေပါရာဒိုက်စ် ထဲရောက်နေသည်ဟု တွေ့လာပါသည်၊ ထို့ကြောင့် စာလိပ်ရှိသမျှ(ထိုခေတ်က စာအုပ်ကို စာလိပ်ကြီးများအဖြစ်ထားရှိပါသည်။ ဘာသာပြန်သူ)၊ တွေ့သမျှကို ဝါးစားပစ်သလို ဖတ်ပါတော့သည်။

စာကြည့်တိုက်သာ အင်္ဂလန်နိုင်ငံတွင် အကောင်းဆုံးဖြစ်ခဲ့သည်မဟုတ်ပါ၊ ကျောင်းထိုင်ဘုန်းကြီး အီသယ်လ်ဘာ့ထ် ကိုယ်တိုင်လည်း စာအုပ်များကို အလွန်ချစ်မြတ်နိုးသူဖြစ်ပါသည်။ သူသည် စာအုပ်များကို ရှာဖွေရန် ဥရောပရှိဘုန်းကြီးကျောင်းများသို့ ပုံမှန် ခရီးသွားလာတတ်ပါသည်၊ အဝေးဆုံး အီတလီပြည်အထိပင် စာအုပ်ရှာထွက်တတ်ပါသည်။ ထိုသို့ စာအုပ်အမြောက်အများ ကို ဝယ်ယူနိုင်ရန်လည်း ငွေကြေးအလုံအလောက်ရှိခဲ့ပါသည်၊ သူ၏အတွေးတွင် ထိုသို့ စာအုပ်များစွာ စုဆောင်းခြင်းဖြင့် ယော့မြို့တွင်ရှိသော သူ့စာကြည့်တိုက်၏တန်ဖိုး ပို၍မြင့်မားလာမည်ဟု ယုံကြည်ထားသူဖြစ်သည်။ အာလ်ကူအင် အနည်းငယ်ကြီးလာသည်နှင့် သူ့ဆရာနောက် စာအုပ်ရှာခရီးစဉ်များသို့ လိုက်ပါခွင့်ရပါသည်။ ထိုသို့သော အချိန်များတွင် မိမိဆရာ အီသယ်လ်ဘာ့ထ်၏ ကျယ်ပြန့်လှသော အသိပညာ၊ ဗဟုသုတ၊ မမှားတတ်သောစာအုပ်ရှာဖွေတတ်မှုဗီဇတို့ကို လေးစားလာရပြန်ပါသည်။

၇၆၆ တွင် အီသယ်လ်ဘာ့ထ်သည် အကြီးဆုံးကျောင်းထိုင်ဘုန်းကြီး(အာ့ခ်ဘစ်ရှော့ပ်)ဖြစ်လာရာ၊ အာလ်ကူအင်သည် ဘုန်းကြီးကျောင်းရှိ စာသင်ကျောင်း၏ ကျောင်းအုပ်ဖြစ်လာပါသည်။ ထိုကျောင်းက သင်ပေးမည့်ပညာရေးတစ်ခုလုံးကို တာဝန်ခံရသူဖြစ်လာခြင်းဖြစ်သည်။ ထိုအလုပ်ကို သူသည် အထူးချွန်အပြောင်မြောက်ဆုံးနှင့် ၁၅ နှစ် လုပ်ကိုင်ပေးခဲ့ပါသည်။

၇၈၀ တွင် အီသယ်လ်ဘာ့ထ်သည် "ပါလီယန်"ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်၊ ၎င်းကို ရောမမြို့တော်၌လက်ခံဖို့ အာလ်ကူအင်ကို ကိုယ်စားလွှတ်သည်။ ပါလီယန်ဆိုသည်မှာ ခေါင်းမှစွပ်ကာ ပုခုံးပေါ်တွင် ဘွဲ့ယူဝတ်ရုံမျိုး ဝတ်ဆင်ရသော အဆောင်ယောင်ဖြစ်သည်၊ ထိုအဆောင်ယောင်ရသူသည် ပုန်ရဟန်းမင်း၏သြဇာကို ခွဲဝေလက်ခံရသူဟု ဆိုလိုပါသည်။ ယနေ့ချိန်တွင်တော့ ၎င်းအဆောင်အယောင်ကို ကက်သလစ်ဘုန်းတော်ကြီး(အာ့ခ်ဘစ်ရှော့ပ်)တိုင်းကို ပေးအပ်သော်လည်း၊ အာလ်ကူအင်တို့ခေတ်က ထိုသို့မဟုတ်သေးပါ၊ အင်မတန်ထူးချွန်သူများကိုသာ လေးစားသမှုနှင့် ချီးမြှင့်တတ်ကြပါသည်။ အာလ်ကူအင်သည် မြင့်မားသောအခွင့်အရေးကို ရခဲ့ခြင်းဖြစ်ပါသည်။ ရောမမြို့တွင်ရှိစဉ် သူသည် ရှားလမိန်းဘုရင်ကြီးနှင့် တွေ့ဆုံခွင့်ရခဲ့ပါသည်။ ထိုတွေ့ဆုံခြင်းက သူ့ဘဝတစ်ခုလုံးကို ပြောင်းသွားစေခဲ့ပါသည်။

## အာလ်ကူအင် ပြင်သစ်နိုင်ငံတွင်လုပ်ဆောင်ခြင်း

ရှားလမိန်းသည် ဥရောပတိုက်ရှိ ထူးကဲသော ဘုရင်များထဲမှ တပါး ဖြစ်ပါသည်။ သူသည် ကြောက်ခမန်းလိလိ ကိုယ်ခန္ဓာကြီးမားလှသူဖြစ်သည်။ အရပ်အမောင်း (၇)ပေ မြင့်သည်။ သူသည် ကြီးမားလွန်းသဖြင့် သူ့ကိုသယ်ရန် အထူးမြင်းလိုအပ်ပါသည်။ သူသည် စစ်ဘုရင်ကြီးလည်းဖြစ်ပါသည်၊ ဂျာမဏီနိုင်ငံ၏ ဆက်စွန်လူမျိုးများနှင့် စစ်ပွဲမြောက်များစွာ တိုက်ခိုက်ခဲ့သူလည်း ဖြစ်သည်။ နောက်ဆုံးတွင် ထိုလူများအပေါ် အောင်ပွဲရကာ၊ သူတို့အားလုံးကို ခရစ်ယာန်ဖြစ်စေပါသည်၊ မဖြစ်လျှင် သေဒဏ်ပေးမည်ဟု ဆိုကာ ဝင်စေခြင်းဖြစ်သည်။ သူသည် ဆက်စွန်လူမျိုး ၂၀၀၀ ခန့်ကို ဗတ္တိဇံခံမည်လော? ခေါင်းဖြတ်ခံမည်လော?ဟု ရွေးချယ်စေခဲ့သူဖြစ်သည်။ ထို့ကြောင့် ဆက်စွန်များ ဘာကိုရွေးမည် ပြောနေစရာ လိုမည်မထင်ပါ။

ရှားလမိန်းသည် နားလည်ရခက်ခဲသောစိတ်သဘောများရှိသူ လူထူးလူဆန်းဖြစ်ပါသည်။ သူသည် အပေါ်ယံကျောဖြင့် အသင်းတော်၏သူငယ်ချင်း၊ ဘာသာရေးကိုင်းရှိုင်းသူ၊ သစ္စာရှိသောအသင်းသား ဖြစ်သည်။ သူ၏ ဘုရင့်ပြန်တမ်းများ(capitularies = ဘုရင်ပြဋ္ဌာန်းသောအမိန့်စည်းကမ်းများ)ထဲမှတစ်ခုတွင် "လူတိုင်းသည် သူ၏ခွန်အား အစွမ်းရှိသမျှဖြင့် ဘုရားသခင့်အမှုဆောင်ဖို့ အကောင်းဆုံးလုပ်ကိုင်ရမည်၊ သူ၏မိန့်တော်မူချက်များအတိုင်း လျှောက်လှမ်းရမည်၊ ဘုရားသခင်အတွက် အင်ပါယာပြည့်ရှင်သည် လူတိုင်းကို ကြည့်ရှုဆုံးမ မနေနိုင်၍ဖြစ်သည်၊"ဟု ဖတ်ရပါသည်။ ရှားလမိန်း၏ ကိုယ်ပိုင်ဘဝသည်လည်း အတော်နားလည်ဖို့ခက်ပါသည်။ သူသည် သူ၏ရက်ရောသောသဘောသဘာဝကို မိမိရန်သူတို့အား လူမဆန်သောမုန်းတီးမှု၊ သတ်ဖြတ်မှုတို့ဖြင့် ရောနှောထားပါသည်။ သူ့ထံတွင် မိဖုရားလေးဦးရှိသည်၊ မြောက်များလှသော ကိုယ်လုပ်တော်များလည်း ရှိပါသည်။ စည်းကမ်းမရှိစွာ နေထိုင်တတ်ပါသည်။ သူသည် အလွန်ကြိုးစားစွာ စာကို သင်ယူပါသော်လည်း ဘယ်တော့မှ အပြည့်အဝ စာဖတ်တတ်သူ မဖြစ်ခဲ့ပါ။ သူ၏အင်ပိုင်ယာထဲတွင် သူသည် လမ်းများကို သေချာကောင်းအောင် ဖောက်လုပ်သည်၊ အင်ပါယာ၏အသေးစိတ်ကလေးများကို သေချာစွာ ဂရုစိုက်ပါသည်၊ သူ့ပိုင်နက်ထဲတွင် အတည်တကျနေထိုင်ခြင်းဆိုသည်ကို စတင်မိတ်ဆက်ခဲ့ပါသည်။ များမြောင်လှသော လူမျိုးနွယ်စုများကို စည်းပွားရေးနှင့်နိုင်ငံရေးအရ စည်းလုံးလာဖို့ သွေးစည်းပေးခဲ့ပါသည်။ သူ၏အဓိက စိတ်ဝင်စားမှုသည် ပညာရေးဖြစ်သည်။ ဥရောပတိုက်ရှိ ပညာရှင်အားလုံးကို သူ့ဆီသို့ ခေါ်ထားကာ၊ သူ့နယ်မြေမှ ယောကျ်ားလေးအားလုံးအား ပညာသင်စေပါသည်။ ဤရည်ရွယ်ချက်ဖြင့် သူသည် အာလ်ကူအင်ကို ချည်းကပ်ခဲ့ခြင်းဖြစ်သည်။ သူ့ထံလာရောက်ကာ ပြင်သစ်တွင် သူဆောင်ရွက်နေသော ပညာရေး၌ ပါဝင်ကူညီဖို့ဖြစ်သည်။

ရှားလမိန်းသည် ဘုရင့်မျိုးနွယ်ကျောင်းကို တည်ထောင်ပါသည်၊ ထိုကျောင်းတွင် အာလ်ကူအင်ကို ကျောင်းအုပ်ဖြစ်စေခြင်းဖြစ်သည်။ ထိုကျောင်းသို့ ရှလမိန်းကိုယ်တိုင် တက်ပါသည်။ ဘုရင်မိသားစုများ၊ တရားသူကြီးအဖွဲ့တွင် ပါဝင်သူများအားလုံး ထိုကျောင်းသို့ တက်ရောက်ကြသည်။ ထိုနေရာတွင် အာလ်ကူအင်သည် သူ၏အရေးကြီးလှသောအလုပ်ဖြစ်သည့် ရိုင်းစိုင်းသော ပြင်သစ်လူမျိုးများကို ပညာသင်ပေးခြင်းအား စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ရှာလမိန်း၏တရားရုံးသည် ရွှေ့ပြောင်းတရားရုံးပုံစံဖြစ်သည်။ ဆက်စွန်မျိုးနွယ်တို့အား စစ်တိုက်ရာနေရာများသို့၄င်း၊ မိမိအင်ပါယာထဲမှ ပို၍အုပ်စိုးဖို့လိုအပ်သောနေရာများသို့၄င်း ရွှေ့ပြောင်းရုံးစိုက်လေ့ရှိပါသည်။ ထိုသို့ပြောင်းရွှေ့နေခြင်းက အာလ်ကူအင် အတွက် ရောက်ရာနေရာတိုင်းတွင် ကျောင်းဖွင့်နိုင်သောအခွင့်အရေးကို ရရှိစေပါသည်။ ထိုသို့ဖြင့် သူသည် ပြင်သစ်နိုင်ငံ အနှံ့အပြားနှင့် အချို့သောဂျာမဏီအစိတ်အပိုင်းတို့၌ ကျောင်းများစွာကို တည်ထောင်နိုင်ခဲ့ပါသည်။ ၇၈၁ မှ ၇၉၀ ကြားတွင် ထိုသို့ကျောင်းများတည်ထောင်ခြင်းတွင် သူသည် အလွန်အလုပ်များနေခဲ့ပါသည်။ သူ၏စိတ်ဝင်စားမှုမှာ အမြဲတမ်း စာအုပ်များဖြစ်သဖြင့်၊ သူသွားလေရာနေရာတိုင်းတွင် စာကြည့်တိုက်များကို တည်ထောင်ပါသည်၊ ထိုသို့ဖြင့် သူသည် သူ၏ကျောင်းများကို တန်ဖိုးရှိသော၊ အရေးကြီးသောနေရာများအဖြစ် ဥရောပ တနံတလျှားတွင် ဖြစ်စေခဲ့ပါသည်။

အေဒီ ၇၉၀ တွင် အာလ်ကူအင် အင်္ဂလန်သို့ ပြန်လာခဲ့သည်။ သို့သော် ၇၉၆ တွင် ပြင်သစ်နိုင်ငံသို့ ပြန်သွားကာ "တိုးဝါး" မြို့တွင် အခြေချသည်။ ထိုနေရာ၌ သူသည် ဘုန်းတော်ကြီးကျောင်းနှင့်စာသင်ကျောင်းတွဲသော အလွန်နာမည်ကျော်ကြားသည့် ကျောင်းကို တည်ထောင်ပါသည်၊ ၄င်းကျောင်းနှင့်အတူ အလွန်ကြီးမားလျှက်၊ စာအုပ်အမြောက်အများရှိသော စာကြည့်တိုက်ကိုလည်း တည်ထောင်ပါသည်။ ထိုကျောင်းကို ဦးဆောင်ရင်း၊ သူသည် ပညာရေးသီအိုရီများကို တွေးခေါ်ပေါ်ထွက်ခြင်းများကိုသာမက၊ ရှေးခေတ်စာအုပ်များ မိတ္တူကူးယူခြင်းကိုလည်း ကွပ်ကဲပါသည်။ ထိုသို့ကူးယူခြင်းများတွင် ကျမ်းစာလည်း ပါဝင်သည်။ ထိုသူကူးယူပေးခဲ့သော ကျမ်းစာမူရင်းစာမူများသည် နောက်ပိုင်းတွင် ဂျိန်းဘုရင်ကျမ်းစာအဖြစ် ဘာသာပြန်မည့် ကျမ်းစာမူများ ဖြစ်လာကြပါသည်။ ထိုနေရာတွင် အာလ်ကူအင်သည် အေဒီ ၈၀၄ ၌ ကွယ်လွန်ပါသည်။

## သူ၏စရိုက်

ရှားလမိန်းသည် အာလ်ကူအင်ကို ယုံကြည်အားကိုးလွန်းသဖြင့်၊ အမျိုးမျိုးသော ခက်ခဲရှုပ်ထွေးကာ၊ စိတ်ပင်ပန်းငြီးငွေ့စရာကောင်းလှသည့်အလုပ်များကို သူ့ပခုံးပေါ် တင်ထားတတ်ပါသည်။ အာလ်ကူအင်သည် အမျိုးမျိုးသောဩဝါဒအခြင်းအခုံများကိုလည်း ဖြေရှင်းပေးရပါသည်၊ နိုင်ငံရေးနှင့်ပတ်သက်သည့်မေးခွန်းများကိုလည်း အမြဲတမ်း သူ့ထံ မေးမြန်းကာ အကူအညီတောင်းခံကြသည်၊ အင်ပါယာကြီး၏လုပ်ငန်းအမြောက်အများကိုလည်း ကြီးကြပ်ကွပ်ကဲပေးရပါသည်၊ အမြဲတမ်း တရားဟောကြားပေးဖို့လည်း ဆင့်ခေါ်ခြင်းခံရပါသည်။ ထိုလုပ်ငန်းများအားလုံးသည် သူလုပ်ကိုင်နိုင်သည်ထက် များနေပါသည်။ သူ၏ကျန်းမာရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာစေပါသည်။ ထို့အတွက်ကြောင့် သူသည် ခဏတဖြုတ် အင်္ဂလန်နိုင်ငံသို့ ပြန်ရခြင်းအကြောင်း ဖြစ်နိုင်ပါသည်၊ ထို့နောက် ပြင်သစ်သို့ ပြန်သောအခါတွင်လည်း အနည်းငယ်အေးအေးချမ်းချမ်းနေနိုင်သော တိုးဝါးမြို့ ဘုန်းတော်ကြီးကျောင်းကို ရွေးချယ်ခြင်း ဖြစ်နိုင်ပါသည်။

သူ့ဖခင်ထံမှ မြေယာအမြောက်အများအမွေခံရသည့်အပြင်၊ သူ့အလုပ်များကို ရိုသေလေးစားသည့်အနေနှင့် ရှားလမိန်းဘုရင်ကြီးက နယ်ပယ်အမြောက်အများကို ပေးအပ်ပြန်ပါသည်။ ထိုမြေယာများမှ ရရှိသည့် များပြားသောငွေများကို သူသည် သူတည်ထောင်သောကျောင်းများ၏ ကုန်ကျစရိတ်အတွက်၊ သူ၏စာကြည့်တိုက်များ၌ထားရှိမည့် စာအုပ်များ၊ ကျမ်းစာလိပ်များ ဝယ်ယူခြင်းအတွက် သုံးစွဲလေ့ရှိသည်။ သူသည် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းကို အကြီးအကျယ် ပြုပြင်ပြောင်းလဲပေးသူလည်း ဖြစ်ပါသည်။ သူ့အားဖြင့် ရှားလမိန်း၏အင်ပါယာတလျှောက် ဘုန်းကြီးကျောင်းများ၊ အသင်းတော်များတွင် ကောင်းမွန်သောကိုယ်ကျင့်တရားနှင့် ဘုရားတရား ရိုသေကိုင်းရှိုင်းခြင်းတို့ တည်ရှိခဲ့ပါသည်။

အာလ်ကူအင်သည် အလွန်လူကြီးလူကောင်းပီသသူ ဖြစ်ပါသည်၊ နှိမ့်ချသည်၊ စိတ်ရှည်သည်၊ လိုလိုလားလားရှိသည်၊ ဘယ်တော့မှ မမောပန်းသောကျောင်းသားဖြစ်သည်(ဆိုလိုသည်မှာ အမြဲတမ်း သင်ယူနေသူဖြစ်သည်)။ သူသည် ဂရိဘာသာ၊ လက်တင်ဘာသာ၊ ဟီဗရူးဘာသာ၊ သူ၏ဌာနေအင်္ဂလိပ်ဘာသာ၊ ရှားလမိန်းအင်ပါယာတွင်သုံးစွဲသည့် "ဖရန့်စ်"ဘာသာတို့ကို တဖက်ကမ်းခတ် ကျွမ်းကျင်ပါသည်။ သူသည် ရှားလမိန်း၏ စစ်ပွဲတွင် သူအနိုင်ရသူများကို ခရစ်ယာန်ဘာသာသို့ အတင်းအဓမ္မဝင်ခိုင်းခြင်းကို အမြဲတမ်း ဆန့်ကျင်ကန့်ကွက်ပါသည်၊ သို့သော် သိပ်မအောင်မြင်ပါ။ ရှားလမိန်းသည် အမြဲတမ်း အရက်မူးနေသည်ဖြစ်၍ လူရိုင်းများကို ခရစ်ယာဘာသာသို့ဝင်စေခြင်းသည်၊ ဓါးဖြင့်ချိန်းခြောက်၍ဝင်စေခြင်းဖြစ်လျှင်လည်း၊ အသင်းတော်အပေါ် သစ္စာရှိခြင်းဟု ထင်မြင်သူဖြစ်သည်။

အာလ်ကူအင်၏အလုပ်များသည် များပြားသလို ကျယ်ပြန့်လှပါသည်။ သူသည် အိတ်စကြီးစစ်ဆိုသည့် အနက်ဖွင့်ခြင်းအကြောင်း၊ သီဩလော်ဂျီ၊ ဝတ်ပြုခြင်းပုံစံ၊ ကိုယ်ကျင့်တရားဒဿန၊ အတ္ထုပ္ပတ္တိများ၊ ပညာရေး စသည့်နယ်ပယ်များတွင် အမြောက်အများရေးသားခဲ့သည်။ သူရေးခဲ့သော ပေးစာများ အစောင်(၃၀၀)ခန့် ယနေ့ထိ ဖတ်နေကြရပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူအသက်ရှင်ခဲ့သည့်အချိန်က သမိုင်းကိုနားလည်ဖို့ရန် မဖတ်မဖြစ်ဖတ်ရသောစာများဖြစ်ကြပါသည်။

## ပညာရေးအပေါ် သူ၏လွှမ်းမိုးမှု

အာလ်ကူအင်၏ ပညာရေးသီအိုရီများတွင် ရောမမြို့၏ဂန္ထဝင်စာပေများကို အသင်းတော်ဖခင်ကြီးများ၏စာပေများနှင့်အတူ အထူးကျွမ်းကျင်ပိုင်နိုင်ရန် လေ့လာခြင်း၊ မျိုးစုံသောသီချင်းလော်ဂျီစာအုပ်များကို ကျွမ်းကင်ပိုင်နိုင်ရန်လေ့လာခြင်းတို့အား အထူးပြုအလေးအနက်ထားခြင်းတို့ ပါဝင်ကြပါသည်။ ထိုသူ၏သီအိုရီများက ဥရောပတိုက်၏ပညာရေးများကို အထူးလွှမ်းမိုးခဲ့ပါသည်။ အာလ်ကူအင်သည် ဥရောပတိုက်ပညာရေးစနစ်ကြီး၏ ဖခင်ကြီး အမှန်ပင်ဖြစ်ပါသည်။ သူသည် ကျောင်းစာသင်ပေးသော ဘုန်းကြီးကျောင်းအမြောက်အများကို စတင်ခဲ့သည်၊ ၎င်းတို့သည် နောက်ပိုင်းတွင် ပြင်သစ်နိုင်ငံ၏ အလွန်နာမည်ကြီးသော တက္ကသိုလ်ကြီးများအဖြစ် တိုးတက်လာခဲ့ကြပါသည်။ သူ၏ ပညာရေးသီအိုရီများ၊ သူတိုးတက်ဖွင့်ဖြိုးစေခဲ့သော သင်ရိုးညွှန်းတမ်းများသည် ဥရောပတွင် နှောင်နှစ်ပေါင်းရာချီ၍ တည်မြဲခဲ့ပါသည်။ ယနေ့တိုင်အောင် ပညာရေး၏နေရာအမြောက်အများသည် အာလ်ကူအင် ၏ အိုင်ဒီယာများအပေါ် တည်ရှိဆဲဖြစ်ပါသည်၊ ပြင်သစ်နိုင်ငံကို ပညာပေးသူကြီး ဖြစ်ပါသည်။

ဥရောပတိုက်သည် ရှိမန်ကက်သလစ်ဂိုဏ်း၏ လုပ်ဆောင်မှုကြောင့် တဖြည်းဖြည်း ခရစ်ယာန်ဖြစ်လာပါသည်၊ ထိုဖြစ်စဉ်တွင် ပညာရေးသည် တစိတ်တပိုင်းဖြစ်ပါသည်။ ရှားလမိန်းဘုရင်ကြီးလွန်သော်၊ ဖရန့်လူမျိုးတို့၏ရီနေးဆန့်/ဉာဏ်သစ်လောင်းချိန်သည် ပျောက်ကွယ်သွားကာ၊ ဖရန့်လူမျိုးတို့သည် အသိပညာမဲ့ခြင်းမှောင်မိုက်ထဲသို့ ပြန်ရောက်သွားကြပြန်ပါသည်။ ရှားလမိန်း၏ အင်ပါယာသည် သူ၏မြေးသုံးဦးထံ သုံးပိုင်းကွဲသွားပါသည်။ ရှားလမိန်း၏ ကြီးကျယ်သောအလုပ်များ ကြာကြာမခံခဲ့ပါ။ သို့သော် အာလ်ကူအင်၏အလုပ်များမှာ ဘုန်းကြီးကျောင်းများတွင် ဆက်လက်တည်မြဲနေခဲ့ပါသည်။ ၎င်းအလုပ်တို့ ငွားငွားစွင့်စွင့်ပွင့်ဖူးကြချိန်သည်၊ ဥရောပတိုက် “အမှောင်ခေတ်”(Dark Ages)မှ ထွက်မြောက်လာချိန်တွင် ရောက်ရှိခဲ့ပါသည်။

ရှိမန်ကက်သလစ်တို့ ဥရောပတွင် မိမိ၏အလိုဆန္ဒကို အကောင်အထည်ပေါ်သောအခါ၊ ပညာရေးဖြင့်သာ ဥရောပသည် ခရစ်ယာန်ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။ ဧဝံဂေလိဟောကြားခြင်းဖြင့် ခရစ်ယာန်တို့၏ဥပဒေသများသည် လူရိုင်းမျိုးနွယ်များထံ ရောက်ရှိခဲ့ပါသည်။ ထိုဧဝံဂေလိတရားနှင့်အတူ ပညာရေး၏စွမ်းအားများလည်း ရောက်ရှိကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်ဘာသာသည် ပညာရေးကို စိတ်ဝင်စားအလေးထားသော ဘာသာဖြစ်ပါသည်။ ခရစ်ယာန်သည် ပညာရေးသင်ပေးခြင်းကို မိမိ၏တာဝန်ဟု ယူဆပါသည်။ ဥရောပတိုက်သည် ပညာရေးအားဖြင့် ယဉ်ကျေးလာသောအခါ၊ ၎င်းသည် ခရစ်ယာန်လည်း ဖြစ်လာပါသည်။ ခရစ်ယာန်ဘာသာ၏ နည်းဥပဒေသများသည် လူမှုဘဝအဖွဲ့ဖွဲ့၏ စည်ကမ်းဥပဒေသများ ဖြစ်လာခဲ့ကြပါသည်။ ထိုသို့ဖြင့် ဥရောပသည်၊ (ဥရောပတိုက်သားများခြေချရာ အမေရိကားသည်)၊ ခရစ်ယာန်နိုင်ငံများ ဖြစ်လာခဲ့ကြပါသည်။ ဘုရားသခင်၏ ထာဝရအကြံအစည်တော်သည် ပညာရေးဖြင့် အကောင်အထည်ပေါ်လာပါသည်။ ထိုဖြစ်စဉ်ကြီးတွင် အာလ်ကူအင်သည် အဓိကနေရာမှ ပါဝင်ကပြခဲ့ပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

×××××××××××××××××××××××××××××××××××

<u>**သီချင်းလော်ဂျီကဏ္ဍ**</u>

## ဂျေဟောဗားနှင့် သန့်ရှင်းသောသူ ဆိုသောအမည်များအကြောင်း

(The Names Jehovah and Holy One)

အကယ်၍ ကျွန်တော်တို့သည် ဘုရားသခင်၏နာမည်များမှ စတင်ကြလျှင်၊ ထို့နောက် ၎င်းတို့က အမြင့်ဆုံးသောသူ၏ပြည့်စုံခြင်းများ၊ သဘောသဘာဝများနှင့်ပတ်သက်၍ မည်သည်တို့ကို ကျွန်တော်တို့ထံ ဖွင့်ပြ/ဖေါ်ပြ(မနုလနူ)ကြသည်ကို လေ့လာကြမည်ဆိုလျှင်၊ ကျွန်တော်တို့သည် နာမည်နှစ်မျိုးကို စတင်ရာနေရာအဖြစ် သတ်မှတ်ကြရပါမည်။ ကျမ်းစာက နေရာတိုင်းတွင် ထိုနာမည်နှစ်မျိုးကို အရေးအပါဆုံးအနေနှင့် ရှေ့တန်းတင်၍ ဖေါ်ပြတတ်ပါသည်။ ထိုနာမည်နှစ်မျိုးမှနေ၍ ဘုရားသခင်၏ဂုဏ်လက္ခဏာများအားလုံးကို ထုတ်ဖေါ်ကြပါမည်။ ကျွန်တော်တို့ ညွှန်ပြမည့် နာမည်နှစ်ခုမှာ ဂျေဟောဗား(יהוה)နှင့် သန့်ရှင်းသောသူ(קדוש) ဆိုသည့် အမည်နှစ်မျိုးဖြစ်ပါသည်။ ထိုသို့ခြားနားလျှက် ဖေါ်ပြသော်လည်း ကျွန်တော်တို့ သိနားလည်ရမည်မှာ ဘုရားသခင်သည် တဆူတည်း(တစ်)သာဖြစ်ပါသည်။ ထို့ကြောင့် ဂျေဟောဗားအဖြစ်နှင့် သူသည် သန့်ရှင်းသောသူဖြစ်တော်မူပါသည်။ ထို့အတူ သန့် ရှင်းသောသူအဖြစ်နှင့် သူသည် ဂျေဟောဗား ဖြစ်ပါသည်။ သူသည် သန့်ရှင်းသော“ငါ”(ဓာ)ဖြစ်ပါသည်၊ အကြွင်းမဲ့ သန့်ရှင်းသော သူဖြစ်တော်မူပါသည်။ သို့သော် ထိုနာမည်နှစ်မျိုးသည် ကျမ်းစာထဲတွင် ဗဟိုအဓိက(ခနညအမနူ)အနှစ်သာရအဓိပ္ပါယ်ရှိသည်ကို တွေ့ရ ပါသည်။ ၎င်းနာမည်နှစ်မျိုးက ဘုရားသခင်၏ဖြစ်တည်မှု၏လက္ခဏာသွင်ပြင်နှစ်မျိုးကို ရည်ညွှန်းနေကြပါသည်။ ၎င်းတို့က ဘုရား သခင်၏ ကြီးကျယ်မြင့်မြတ်သောပြည့်စုံခြင်းအားလုံးကို ညွှန်ပြနေကြပါသည်။

ထိုနာမည်နှစ်မျိုးသည် ကျမ်းစာတွင် ဗဟိုအဓိကကျသောနာမည်များအဖြစ် ကျမ်းစာက ဖေါ်ပြကြောင်း သက်သေပြဖို့ သိပ်မခက်လှပါ။ ဂျေဟောဗား (သို့) ယာဝေး ဆိုသောအမည်နှင့်ပတ်သက်၍ ထွက်မြောက်ရာကျမ်း ၃း၁၃–၁၄ တွင် တွေ့ရပါသည်။ “မောရှေသည် ဘုရားသခင်အား၊ အကျွန်ုပ်သည် ဣသရေလအမျိုးသားတို့ထံသို့ရောက်၍၊ သင်တို့ ဘိုးဘေးများ၏ဘုရားသခင်သည် ငါ့ကို သင်တို့ထံသို့ စေလွှတ်တော်မူပြီဟု အကျွန်ုပ်ဆိုလျှင်၊ သူတို့က၊ ထိုဘုရားသခင်၏နာမတော်ကား အဘယ်သို့နည်းဟု အကျွန်ုပ်ကို ပြန်၍မေးသောအခါ၊ အဘယ်သို့ ပြန်ပြောရပါမည်နည်းဟု ဘုရားသခင်အား မေးလျှောက်လေ၏။ ဘုရားသခင်ကလည်း၊

ငါမြဲဖြစ်သည့်အတိုင်း ငါမြဲဖြစ်၏ဟူ၍၊ ငါမြဲဖြစ်သည့် အမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြန်ပြောလော့ဟူ၍၊ မောရှေအား မိန့်တော်မူ၏။"

**ဘုရားသခင်က "ငါ"**(I am)**ဟူသောအမည်နှင့်ပတ်သက်၍ ဤသို့ပြောပါသည်၊–** "ထိုအမည်သည် အစဉ်မှအမည်ဖြစ်၏။ လူမျိုးအစဉ်အဆက်မပြတ် ငါ့ဘွဲ့နာမ်ဖြစ်၏။"**(ငယ် ၁၅)**။

**ထိုဖော်ပြချက်၏ အဓိပ္ပါယ်သည် ရှင်းနေပါသည်။ "ငါဖြစ်သည့်အတိုင်းငါဖြစ်သည်" (သို့) အတိုကောက်အားဖြင့် "ငါ"**(I am)**ဆိုသည်မှာ ယေဟောဝါးဆိုသောအမည်၏ အဓိပ္ပါယ်ဖြစ်သည်။ ထိုအမည်အားဖြင့် ဘုရားသခင်သည် (ယုံကြည်ခြင်း၏)ဖခင်များထံ သိစေခဲ့ပြီးဖြစ်သည်။ ၎င်းကို ဤနေရာတွင် ဘုရားသခင်၏နာမည်ဟု ပညတ်ခြင်းဖြစ်သည်။ (ဆိုလိုသည်မှာ ဘုရားသခင်ကို ယေဟောဝါးဟုခေါ်သည်၊ အဓိပ္ပါယ်မှာ "ငါ"ဟူ၍ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်ဆိုသောအမည်၏အဓိပ္ပါယ်မှာ "ငါ"ဖြစ်သည်)။ ထိုနာမည်သည် အခြားသောနာမည်များအားလုံးထက် ဘုရားသခင်၏သဘောသဘာဝ**(nature)**ကို အမြင့်ဆုံးအဓိပ္ပါယ်ဖြင့် ဖော်ပြ/ဖွင့်ပြ**(reveal)**နေပါသည်။ ထိုနာမည်အားဖြင့် သူသည် ရုပ်တုဆင်းတုကိုးကွယ်ကြသောလူမျိုးများ၏ ဘုရားဟုခေါ်သောအရာများနှင့် ထာဝရကွဲပြားခြားနားနေပါသည်။ ထိုအမှန်တရားကို ကျမ်းစာ၏အခြားကျမ်းပိုဒ်များက အတည်ပြုနိုင်မာစေပါသည်။ အီဂျစ်လူမျိုးဖခင်နှင့် အစ္စရေးလူမျိုးမိခင်တို့၏ သားတဦးက ဘုရားသခင်၏နာမည်ကို ကျိန်ဆဲသောအခါ၊ ကျွန်တော်တို့သည် "ထိုနာမည်ကို" ကျိန်ဆဲသည်ဟုသာ ဖတ်ရပါသည် (ဝတ် ၂၄း၁၁)၊ ငယ်(၁၆)က** "အမျိုးသားချင်းဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ၊ နာမတော်ကို ပစ်မှားလျှင် အသေသတ်ခြင်းကိုခံရမည်။"**ဟု ပြောပါသည်။ နောက်တခါ ဆာလံ ၈၃း၁၈ တွင်** "ထာဝရဘုရားဟူ၍ နာမတော်ရှိသော ကိုယ်တော် တပါး တည်းသာလျှင်**(ယေဟောဝါးဖြစ်၏)**၊ မြေကြီးတပြင်လုံးအပေါ်မှာ အမြင့်ဆုံးသောဘုရားဖြစ်တော်မူကြောင်းကို သိကြပါစေသော။"**ဟု ဖတ်ရပြန် ပါသည်။ ဆာလံရေးသူနှင့် ပရောဖက်များအားလုံးက ဘုရားသခင်ဟုပြောကြသည့်အခါ အမြဲတမ်း ယေဟောဝါးဆိုသည့်စကားလုံး ကိုသာသုံးဆွဲကြပါသည်၊ ထိုယေဟောဝါး ဆိုသောအမည်ကို ဘုရားသခင်၏လူများက အားကိုးလျှက်၊ ယုံကြည်ကြလျှက်ဒုက္ခရောက် သောအခါခိုလှုံစရာနေရာကို တွေ့ကြခြင်းဖြစ်ပါသည်။**

**ထို့သို့ပင် သန့်ရှင်းသောသူ**(Holy One)**ဆိုသောအမည်ကိုလည်း တွေ့နိုင်ပါသည်။ ဘုရားသခင်သည် သန့်ရှင်းသည်ဟု ကျမ်းစာတလျှောက်တွင် အထူးပြုဖော်ပြပါသည်။ ဘုရားသခင့်ထံ "မှန့်ကိုဆက်ရသော" ယဇ်ပရောဟိတ်သည် သူကိုယ်တိုင် သန့်ရှင်းရပါမည်၊ အဘယ့်ကြောင့်ဆိုသော်** "သင်တို့၏ဘုရားသခင် ငါ ထာဝရဘုရားသည် သန့်ရှင်းသောကြောင့်၊ သင်တို့လည်း သန့်ရှင်းခြင်းရှိကြလော့။"**ဟုပြောထားပါသည် (ဝတ် ၁၉း၂၊ ၁ပေ ၁း၁၅–၁၆၊ ၁ပေ ၂း၉)။ ဟန်းနဲ(ဧည့်)သည် ဘုရားသခင်က သူမ၏ဆုတောင်းကို ကြားသောကြောင့် ဝမ်းသာခဲ့ပါသည်၊ ထို့ကြောင့် သီချင်းဆိုပါသည်** "ထာဝရဘုရား သန့်ရှင်းတော်မူသကဲ့သို့ အဘယ်သူမျှ မသန့်ရှင်း။ ကိုယ်တော်မှတပါး အခြားသော ဘုရားမရှိ" **(၁ရာ ၂း၂)။ ဘုရားသခင်၏ လူများသည် ဘုရားသခင်ကို ချီးမွမ်းကြကာ၊ သူ၏ခြေတော်ရင်း ၌ ဝတ်ပြုကြရန် တိုက်တွန်းခြင်းခံကြရပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် သန့်ရှင်းတော်မူသောကြောင့်ဖြစ်ပါသည် (ဆာလံ ၉၉း၅)။ ကောင်းကင်တမန် စာရာဖင်များ (ယုဒသန်ကျမ်းစာက ကောင်းကင်တမန်သရပ်ဟုခေါ်ပါသည်)သည် ဘုရားသခင်၏သန့် ရှင်းသောဗိမာန်တော်ထဲတွင် ဤသို့ ဟစ်ကြွေးကြပါသည်၊** "အနန္တတန်ခိုးစသည်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလအစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏ဟု နေ့ညဥ့်မပြတ် ငြိမ်၍မနေဘဲ ပြောဆိုကြ၏။" **(ဗျာ၄း၈)**

**ကျမ်းစာက အထူးတလည်ဖြင့် ဘုရားသခင်၏နာမည်သည် သန့်ရှင်းသည်ဟု အထူးပြုနေပါသည်။ အစ္စရေးများသည် ဘုရားသခင်၏ သန့်ရှင်းသောနာမည်ကို မညစ်ညူးစေရန် အထူးတလည်သတိပေးဆုံးမခြင်း ခံကြရပါသည် (ဝတ် ၂၂း၂၊ ၃၂)။ သူတို့သည် သူ၏သန့်ရှင်းသောနာမည်ကို အားကိုးကြသည်၊ သူတို့သည် သူ၏ ကြောက်မက်ဖွယ်နာမည်ကို ချီးမွမ်းကြသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုနာမည်သည် သန့်ရှင်း၍ဖြစ်ပါသည် (ဆာလံ ၃၃း၂၁၊ ၉၉း၃)။ သူ၏နာမည်သည် သန့်ရှင်းသည်၊ ရှိသေလေးစားထိုက်သည် (ဆာလံ ၁၁၁း၉)။ သူသည် မြင့်မားသူဖြစ်သည်**(lofty one)**၊ သူ၏နာမည်သည် သန့်ရှင်း**(holy)**ဖြစ်သည် (ဟေ ရှာ ၅၇း၁၅)။ သူသည် သူ၏သန့်ရှင်းသောနာမည်ကို အစ္စရေးတို့ကသိရန် ပြုလုပ်တော်မူပါမည်၊ ၎င်းတို့က သူ၏ သန့်ရှင်းသောနာ မည်အား ညစ်ညမ်းစေခြင်းကို လက်ခံမည်မဟုတ်ပါ (ယေဇ ၃၉း၇)။ ဘုရားသခင်ကို သန့်ရှင်းသောသူ**(Holy One)**ဟုခေါ်ပါသည်၊ ၎င်းကို သူ၏နာမည်ရင်း (သို့) ဘွဲ့**(appellative name)**အနေနှင့် အထူးပြုအသုံးပြုထားပါသည် (ယောဘ ၆း၁၀၊ ဟေရှာ ၁၀း၁၇)။ ထိုနာမည်ကို အထူးသဖြင့် သူ၏ တုနိုင်း၍မရသောဘုရားဖြစ်တော်မူခြင်းအတွက် အထူးသဖြင့် အသုံးပြုပါသည်၊–** "သို့ဖြစ်၍၊ ငါ့ကို အဘယ်သူနှင့် ပုံပြရအံ့နည်း။ ငါသည် အဘယ်သူနှင့်တူရအံ့နည်းဟု သန့်ရှင်းသော ဘုရားမေးတော်မူ၏။" **(ဟေရှာ ၄၀း၂၀)။** "ငါသည် သင်တို့၏ သန့်ရှင်းသော ထာဝရဘုရား၊ ဣသရေလအမျိုးကို ဖန်ဆင်းသော ဘုရား၊ သင်တို့၏ ရှင်ဘုရင်ဖြစ်၏။"**(ဟေရှာ ၄၃း၁၅)။ ထို့သို့ဖြင့် သူ့ကို အစ္စ ရေးတို့၏သန့်ရှင်းသောသူဟု ခေါ်ပါသည် (၄ရာ ၁၉း၂၂၊ ဆာလံ ၇၁း၂၂၊ ၈၉း၁၈၊ ဟေရှာ ၅း၁၉၊၂၄၊ ၁၀း၂၀၊ ၁၂း၆၊ ၁၇း၇၊ ၂၉း ၁၉၊ ၃၀း၁၁၊၁၂၊၁၅၊ ၃၁း၁၊ ၄၁း၁၄၊၁၆၊၂၀၊ ၄၅း၁၁၊ ၄၇း၄၊ ၄၈း၁၇၊ ၄၉း၇၊ ၅၅း၅၊ ၆၀း၉၊၁၄၊ ယေ ၅၀း၂၉၊ ၅၁း၅၊ ယေဇ ၃၉း၇။**

**ဘုရားသခင်၏နာမည်များ အားလုံးအထက်တွင် ယေဟောဝါးဆိုသောမည်ရှိနေပါသည်၊ အဓိပ္ပါယ်မှာ "ငါဖြစ်သည့်အတိုင်း ငါဖြစ်သည်"**(I AM THAT I AM) **ဖြစ်ပါသည်(ထွက် ၃း၁၄)။ ၎င်းနာမည်၏ အဓိက ထူးခြားသောလက္ခဏာမှာ "သန့်ရှင်းခြင်း"ဖြစ်ပါသည်၊ ၎င်းပေါ်တွင် ဘုရားသခင်၏ ကိုယ်ကျင့်တရားဆိုင်ရာ ကောင်းမြတ်ခြင်းအားလုံးတို့ ပေါ်လွင်နေပါသည်**(imply)**။ ဘုရား**

သခင်၏သဘောသဘာဝကို ပေါ်ပြသည့်အခါ၊ သူက ကျွန်တော်တို့ထံ ပေါ်ပြ/ဖွင့်ပြ(reveal)သလို သူ၏ပြည့်စုံခြင်းများကိုဆွေးနွေးကြသည့်အခါ၊ ကျွန်တော်တို့သည် ထိုနာမည်နှစ်ခုမှနေ၍ စတင်ကြရပါမည်။ တခုက ကျွန်တော်တို့ထံ ဘုရားသခင့်ဖြစ်တည်မှု၏ မရှိမဖြစ်အရေးကြီးကြသော ကောင်းမြတ်ခြင်းများ(essential virtues)ကို ပေါ်ပြ/ဖွင့်ပြနေသလို၊ နောက်တခုက သူ၏ အကြွင်းမဲ့ဖြစ်သော၊ တုနှိုင်း၍မဖြစ်နိုင်သော ကိုယ်ကျင့်တရားဆိုင်ရာပြည့်စုံမှုကို ပေါ်ပြနေပါသည်။

## ဂျေဟောဗားဆိုသောအမ်ည၏ အဓိပ္ပါယ်

(The Meaning of the Name Jehovah)

ဂျေဟောဗားဆိုသောအမည်သည် ဟီဗရူးဘာသာ "ဟာရား"မှဆင်းသက်လာပါသည်၊ "ဟာရား" အဓိပ္ပါယ်မှာ "ရှိသည်၊ဖြစ်သည်"(to be)ဖြစ်သည်။ ၎င်းကို ထွက်မြောက်ရာကျမ်း ၃း၁၄ တွင် "ငါဖြစ်သည့်အတိုင်းငါဖြစ်သည်"(I AM THAT I AM)ဟု ဘာသာပြန်ပါသည်။

ဘုရားသခင်က မောရှေကိုပြောပါသည်၊ "ငါသည် အေဗရာဟမ်၊ အိုင်းဇက်၊ ဂျေကော့ပ်တို့ထံ အနန္တတန်ခိုးနှင့်ပြည့်စုံသော ဘုရားသခင်(အယ် ရှက်ဒိုင်း = El Shaddai)ဆိုသည့်နာမည်ဖြင့်သာ ငါ့ကိုယ်ငါ ပေါ်ပြခဲ့သည်၊ သို့သော် ငါသည် သူတို့ထံ ဂျေဟောဗား ဆိုသောအမည်နှင့် ငါ့ကိုယ်ငါ မပေါ်ပြခဲ့ပါ၊" (ထွက် ၆း၃)။ ထိုသို့ပြောသောကြောင့် ယုံကြည်ခြင်းဖခင်ကြီးများက ထို ဂျေဟောဗားဆိုသောအမည်ကို မသိကြပါဟု ပြော၍မရပါ၊ ကျမ်းစာ၏အခြားနေရာများတွင် မောရှေမတိုင်ခင် ဖခင်ကြီးများက သုံးခဲ့ကြသည်ကိုတွေ့နိုင်ပါသည်။ ထို့ကြောင့် ထိုကျမ်းပိုဒ်ဆိုလိုသည်မှာ အီဂျစ်ပြည်တွင် အစ္စရေးတို့ရှိစဉ်တလျှောက် ထိုနာမည်နှင့် သူကိုယ်သူ မပေါ်ပြခဲ့သေးဟု ဆိုလိုခြင်းဖြစ်ပါမည်။ ဘုရားသခင်သည် သူ့ကိုယ်သူ အေဗရာဟမ်၊ အိုင်းဇက်နှင့် ဂျေကော့ပ်တို့ထံ ဖွင့်ပြသောအခါ၊ အနန္တတန်ခိုးတော်ရှင်ဘုရားသခင်ဆိုသောအမည်၌ ပေါ်ပြနေသည့် ကောင်းမြတ်ခြင်းများအားဖြင့်သာ ပေါ်ပြခဲ့ပါသည်၊ ယခုအခါ သူသည် သူ့ကိုယ်သူ ထာဝရ "ငါ"(I am)၊ ပြောင်းလဲခြင်းမရှိသော "ငါ"အဖြစ် ပေါ်ပြတော့မည်ဖြစ်သည်။

ဂျူးများက ဂျေဟောဗားဆိုသောအမည်သည် အလွန့်အလွန် မြင့်မားကာ သန့်ရှင်းလှသဖြင့် လူသား၏နှုတ်မှ မရွတ်ဆိုထိုက်ဟု ယူဆကြသည်ကို လူတိုင်းသိကြပါသည်။ ထိုသို့မှားယွင်းစွာထင်မြင်ရခြင်းသည် ထွက် ၃း၁၅၊ ၂၀း၇၊ ဝတ် ၂၄း၁၁၊၁၆ တို့ကို မှားယွင်းစွာ အနက်ဖွင့်မိကြ၍ ဖြစ်နိုင်ပါသည်။ မဟုတ်ပါကလည်း၊ သူတို့၏သမိုင်းကြောင်း နောက်ပိုင်းတွင်ပေါ်လာသော အယူသည်းမှုများကြောင့်လည်း ဖြစ်နိုင်ပါသည်။ ရလဒ်မှာ ထို ဂျေဟောဗား ဆိုသောအမည်ကိုတွေ့တိုင်း "အဒိုနိုင်း"(Adonai = Lord)ဟု အစားထိုး ဖတ်ကြခြင်းဖြစ်သည်။ "အဒိုနိုင်း"၏အဓိပ္ပါယ်မှာ သခင် ဖြစ်ပါသည်။ ထိုသို့ဖြစ်သဖြင့် ဟီဗရူးကျမ်းစာကို ဂရိဘာသာသို့ပြန်ဆို ကြသောအခါ ဂျေဟောဗား ဆိုသည့်စကားလုံးကို အဒိုနိုင်း = သခင် ဟု ဘာသာမှား၍ပြန်မိကြခြင်းဖြစ်သည်။ ထိုဂရိဘာသာပြန် ကျမ်းကို "ဆပ်တူးဂျင့်"(Septuagint)ဟုခေါ်ပါသည်။

ဂျေဟောဗားဆိုသောစကားလုံး၏ အဓိပ္ပါယ်မှန်မှာ ဘုရားသခင်၏ အကြွင်းမဲ့လွတ်လပ်တော်မူခြင်း(absolute independence)ဖြစ်သည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ၎င်းကို အသင်းတော်၏ဖခင်ကြီးများနှင့်အတူ၊ သီဩလော်ဂျီယန် ခိုင်ပါး(Kuyper)ကလည်း လက်ခံပါသည်။ သို့သော် (ခိုင်ပါးနှင့်ခေတ်ပြိုင်) သီဩလော်ဂျီယန် ဗာဗင့်(Bavinck)ကမူ၊ ထိုအဓိပ္ပါယ်သည် လက်တွေ့မကျသော၊ ဖိလိုဆိုဖီဆန်လွန်းသော အဓိပ္ပါယ်ဖြစ်မည်ကို စိုးရိမ်ပါသည်။ ထွက်မြောက်ရာကျမ်း ၃း၁၄၊၁၅ တွင် မောရှေထံပေါ်ပြသည့် ရိုးစင်းသောရည်ရွယ်ချက်နှင့် သိပ်မကိုက်မည်ကို သူ စိုးရိမ်ဟန်ရှိပါသည်။ ဗာဗင့်က ထိုပေါ်ပြချက်သည် ဘုရားသခင်က သူ့လူများထံ သူ၏မပြောင်းလဲသောသစ္စာရှိမှုအမှန်တရားကို ပဋိညာဉ်ဘုရားသခင်အဖြစ် ပြောပြလိုခြင်းဖြစ်သည်ဟု ယူဆပါသည်။ ဘုရားသခင်သည် ဖခင်များနှင့် သူ၏ပဋိညာဉ်ကို ပြုတော်မူခဲ့သည်၊ သူသည် သူတို့ကို တနေ့သောအခါ အမှန်ပင်ကယ်တင်မည်၊ ခါနန်ပြည်ကို သူတို့၏ထာဝရပိုင်မြေအဖြစ် ပေးမည်ဟု ကတိပေးခဲ့သည်။ သို့သော် အစ္စရေးတို့သည် အီဂျစ်တို့၏ကျွန်ပြုခြင်း၊ ဖိနှိပ်ခြင်းအောက်တွင် ဒုက္ခခံကြရကာ၊ ညည်းညူနေကြရသည်။ ဘုရားသခင်ထံ သူတို့ အော်ဟစ်ဆုတောင်းကြသည်။ ထိုအခါ ဘုရားသခင်သည် သူတို့ထံသို့ ဂျေဟောဗာ အနေနှင့် ဖွင့်ပြ/ပေါ်ပြတော်မူသည်။ "ငါဖြစ်သည်အတိုင်းငါဖြစ်သည်" သစ္စာရှိသူ၊ အမှန်တရားဖြစ်သူ၊ သူ၏ပဋိညာဉ်လူများထံ အမြဲတမ်းမပြောင်းမလဲသောဆက်ဆံရေးကို ထားရှိသူအဖြစ် ပေါ်ပြခြင်းဖြစ်ပါသည်။

သို့သော် ဗာဗင့်က "ထိုနာမည်အရ ဘုရားသခင့်ဖြစ်တည်မှု၏ အခြေခံအကျဆုံး ဂုဏ်လက္ခဏာမှာ အကြွင်းမဲ့ လွတ်လပ်တော်မူခြင်းဖြစ်ပါသည်"ဟု ဝန်ခံထားပါသည်။ နောက်ပိုင်းတွင်လည်း သူသည် ဘုရားသခင်၏ ဖန်ဆင်းထံပေး၍ရသောဂုဏ်လက္ခဏာများဟု မည်ကာမတ္တခေါ်တတ်ကြသောအကြောင်းအရာကို ရေးသားချိန်၌လည်း ဂျေဟောဗာ ဆိုသောအမည်၏ အခြေခံအကျဆုံးအဓိပ္ပါယ်သည် ဘုရားသခင်သည် ဘုရားသခင်သာဖြစ်သည်၊ ဘာကိုမှမလိုအပ်သူဖြစ်သည်ဟု ဝန်ခံထားပါသည်။ "သူသည် သူ ၏ဖြစ်တည်မှုအတွက် အခြေခံကို မိမိကိုယ်ကိုအတွင်း၌ ရှိတော်မူသူဖြစ်သည်၊ သူသည် အရာအားလုံးထက်အရင် တည်ရှိနေသူဖြစ်သည်၊ အရာခပ်သိမ်းသည် သူမှတဆင့် ဖြစ်တည်လာကြပါသည်"ဟု ဗာဗင့်က ဝန်ခံပါသည်။ ထို့အပြင် ထွက်မြောက်ရာကျမ်း ၃း၁၄၊၁၅ တွင် အသုံးပြုသော ဘုရားသခင်၏နာမည်က ဘုရားသခင်၏မပြောင်းလဲသောအမှန်တရား၊ မိမိလူတို့အပေါ် သစ္စာရှိမှုစသည်တို့ကိုပေါ်ပြနေပါသည်ဆိုလျှင်လည်း၊ ဂျေဟောဗာ ဆိုသောနာမည်၏ အဓိပ္ပါယ်တချို့သောရှုထောင့်များကိုသာ ပြောနေခြင်းဖြစ်ပါမည်။ ထိုနာမည်၏ အခြေခံအကျဆုံးသော အဓိပ္ပါယ်မှာ ဘုရားသခင်၏ အကြွင်းမဲ့လွန်လပ်နေတော်မူခြင်းသာ ဖြစ်ပါသည်။ (အင်္ဂလိပ်လို aseity of God ဟုပြောသော်လည်း ထို aseity(အိုင်စတီး)ဆိုသောစကားလုံးကို မြန်မာအဘိဓါန်များက မပြန်နိုင်ကြပါ၊ မြန်မာအဘိဓါန်များတွင် ခရစ်ယာန်သီဩလော်ဂျီ၏စကားလုံး အမြောက်အများကို ပြန်ဆိုနိုင်ခြင်းမရှိကြကြောင်း တွေ့နိုင်ပါ သည်။

**အင်္ဂလိပ် ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ပေးသောအဘိဓါန်များတွင် ထို စကားလုံးကို "မိမိ၏မူလဖြစ်တည်မှုပုံစံအတွက် အခြားအခြေခံ မလိုသူ၊ မိမိဘာသာ၌ထိုအခြေခံကိုရသူ"ဟုအဓိပ္ပါယ်ပြန်ပါသည်။ သီဩလော်ဂျီတွင် ကျွန်တော်တို့သည် ထိုစကားလုံးကို ဘုရားသခင်၏အကြွင်းမဲ့လွတ်လပ်ခြင်းဟု နားလည်ကြပါသည်။ လွတ်လပ်ခြင်းသည် အမှီအခိုကင်းခြင်းကို ဆိုလိုပါသည်။ ဘာသာပြန်သူ)**

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) **စာအုပ်မှ ဘာသာပြန်ပါသည်)**

×××××××

**ကျမ်းစာဘာသာပြန်ကဏ္ဍ**

**ဆာလံ ၂း၁-၁၂ (ဂျိန်းဘုရင်မူ)**

**၁ – အဘယ့်ကြောင့် တိုင်းနိုင်ငံတို့သည် ဒေါသပုန်ထနေကြပါသနည်း? အဘယ့်ကြောင့် လူထုကြီးသည် အချည်းနှီးမဲ့သော အကြောင်းကို တွေးနေကြပါသနည်း?**
**၂ – ကမ္ဘာပေါ်မှ ရှင်ဘုရင်များသည် အတူတကွနှင့်စုစည်းကြသည်၊ အုပ်ချုပ်သူများသည် အတူတကွ ကြံစည်ကြသည်၊ ဘုရားသခင်ကို ဆန့်ကျင်ကြဖို့ဖြစ်သည်၊ သူ၏ဘိသိက်ပေးခြင်း ခံရသူကို ဆန့်ကျင်ကြဖို့ဖြစ်သည်၊ ဤသို့ပြောကြပါသည်၊**
**၃ – သူတို့၏ ချည်နှောင်ခြင်းများကို ချိုးဖြတ်ကြစို့၊ သူတို့၏ချုပ်ချယ်ကန့်သတ်ထားခြင်းများကို အဝေးသို့လွှင့်ပစ်ကြစို့။**
**၄ – ကောင်းကင်အထပ်ထပ်တွင် ထိုင်နေသူသည် ရယ်ပါလိမ့်မည်၊– ဘုရားသခင်သည် သူတို့ကို ရယ်မောလှောင်ပြောင်ပါလိမ့်မည်။**
**၅ – ထို့နောက် ဘုရားသခင်သည် သူတို့ကို သူ၏အမျက်ဒေါသနှင့်ပြောတော်မူပါမည်၊ သူ၏အလွန်မကျေနပ်မှုတွင် သူတို့ကို ကြောက်လန့်တကြား ဖြစ်စေမည်။**
**၆ – ငါသည် ငါ့ဘုရင်ကို ငါ၏သန့်ရှင်းသောတောင် ဇိုင်းအွန်ပေါ်၌ ထားရှိပြီး ဖြစ်သည်။**
**၇ – ငါသည် အမိန့်တော်ကို ကြေညာမည်၊– ဘုရားသခင်က ငါ့ထံ ပြောတော်မူသည်၊ သင်သည် ငါ့သားဖြစ်သည်၊ ဒီနေ့တွင် ငါ သင့်ကို မွေးဖွားခဲ့ပြီ။**
**၈ – ငါ့ကို တောင်းပါ၊ ငါသည် သင်ကို တိုင်းနိုင်ငံများအား သင်၏အမွေအဖြစ် ပေးမည်၊ သင်ပိုင်ဆိုင်ရာအဖြစ် ကမ္ဘာကြီး၏ အဆုံးစွန်သော အပိုင်းများအထိ ပေးမည်။**
**၉ – သင်သည် သူတို့ကို သံတောင်ဝှေးဖြင့် ရိုက်ချိုးမည်ဖြစ်သည်၊ သင်သည် သူတို့အား အိုးဖုတ်သမား၏အိုးကို အစိတ်စိတ် အမွှာမွှာ ရိုက်ခွဲသကဲ့သို့ ရိုက်ခွဲမည်ဖြစ်သည်။**
**၁၀ – ထို့ကြောင့် အိုး ရှင်ဘုရင်တို့ ပညာရှိကြပါ၊– သင်ယူကြပါ၊ ကမ္ဘာလောကကြီး၏ တရားသူကြီးတို့။**
**၁၁ – ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် အမှုထမ်းဆောင်ကြပါ၊ တုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်ကြပါ။**
**၁၂ – သားတော်ကို နမ်းကြ၊ သို့မဟုတ် သူသည် ဒေါသထွက်မည်၊ ထိုအခါ သင်တို့သည် လမ်းပေါ်၌ ပျက်စီးကြရပါမည်၊ သူ၏အမျက်ဒေါသ အနည်းငယ်လေးထွက်လျှင်ပင် ထိုသို့ဖြစ်ကြမည်။ သူ့ကို အားကိုးသောသူတို့သည် ကောင်းချီးမင်္ဂလာကို ခံကြရသူများ ဖြစ်ကြသည်။**

**ဆာလံ ၃း၁-၈ (ဂျိန်းဘုရင်မူ)**
**ဒေးဗစ်၏ဆာလံ၊ သူ့သား အဲ့ပ်စလုံထံမှ ထွက်ပြေးစဉ်စပ်ဆိုသည်**
**၁ – ဘုရားသခင်၊ အကျွန်ုပ်အား ဒုက္ခပေးသူများ အဘယ်သို့ကြီးပွားနိုင်ကြပါသနည်း! အကျွန်ုပ်ကိုဆန့်ကျင်၍ ထကြွသူ များပြားလှပါသည်။**
**၂ – ဘုရားသခင့်ထံ၌ သူ့အတွက် အကူအညီမရှိဟု အကျွန်ုပ်၏ဝိညာဉ်ကို ပြောဆိုကြသူများ မနည်းမနောရှိနေပါသည်။ ဆယ်းလား။**
**၃ – သို့သော် အိုး ဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်အတွက် ဒိုင်း ဖြစ်ပါသည်၊ အကျွန်ုပ်၏ဘုန်းအသရေ၊ အကျွန်ုပ်၏ ဦးခေါင်းကို မြှင့်တင်သူ ဖြစ်တော်မူပါသည်။**
**၄ – ငါသည် ဘုရားသခင့်ထံသို့ ငါ့အသံနှင့်အော်ဟစ်ပါသည်၊ သူသည် ငါ့ကို သူ၏သန့်ရှင်းသော တောင်ပေါ်မှ ကြားတော်မူပါသည်။**
**၅ – ငါသည် လဲလျောင်းကာ အိပ်စက်ပါသည်၊ ငါ နိုးလာပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က ငါ့ကို ထောက်မ၍ ဖြစ်သည်။**
**၆ – ငါသည် ငါ့အနားပတ်လည်တွင် ငါ့ကိုဆန့်ကျင်ဖို့ မိမိတို့ကိုယ်ကို စုစည်းနေကြသည့် ထောင်သောင်းချီသောလူများကို ကြောက်ရွံ့မည်မဟုတ်ပါ။**

၇ – အိုး ဘုရားသခင်၊ ထတော်မူပါ၊ အကျွန်ုပ်ကို ကယ်တင်တော်မူပါ၊ အိုး အကျွန်ုပ်၏ဘုရားသခင်– အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အကျွန်ုပ်၏ ရန်သူများကို သူတို့၏ ပါးရိုး၌ ရိုက်နှက်တော်မူပါသည်၊ ကိုယ်တော်သည် ဘုရားတရားမဲ့နေသူများ၏ သွားများကို ချိုးပစ်တော်မူပါသည်။
၈ – ကယ်တင်ခြင်းကို ဘုရားသခင်က ပိုင်တော်မူသည်– ကိုယ်တော့်ကောင်းချီးမင်္ဂလာသည် ကိုယ်တော့်လူတို့အပေါ်တွင် ရှိနေပါသည်၊ ဆယ်းလား။

××××××××××××××××××××××

၁တိ ၅း၁–၂၅ (ဂျိန်းဘုရင်မူ)
၁ – အသက်ကြီးသူကို ပြစ်တင်ကြိမ်းမောင်းခြင်းမပြုနှင့်၊ ထိုမှခြားနားစွာ ဖခင်တဦးကဲ့သို့ တောင်းပန်လော့၊ ငယ်သောသူတို့ကို ညီအကိုကဲ့သို့ မှတ်လော့၊–
၂ – အသက်ကြီးသော အမျိုးသမီးများကို အမေများကဲ့သို့မှတ်လော့၊ ငယ်သောအမျိုးသမီးများကို ညီမများကဲ့သို့မှတ်လော့၊ အားလုံးသောစင်ကြယ်ခြင်းနှင့် ထိုသို့ပြုလော့။
၃ – မုဆိုးမများကို လေးစားပါ၊ မုဆိုးမအမှန်ဖြစ်သူများကို ဖြစ်သည်။
၄ – သို့သော် အကယ်၍ မုဆိုးမတစုံတဦးသည် သားသမီးများ (သို့) မြေးများရှိလျှင်၊ ၄င်းတို့သည် ဘုရားတရား ရှိသေကိုင်းရှိုင်းခြင်းကို အိမ်တွင်ပြသကြရန် ပထမ သင်ကြစေ၊ သူတို့မိဘများကို ကျေးဇူးတုန့်ပြန်ကြသည့်အနေနှင့်ဖြစ်သည်– အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် ကောင်းမြတ်သလို၊ ဘုရားသခင့်ရှေ့တော်မှောက်တွင် လက်ခံထိုက်သောအရာလည်းဖြစ်ပါသည်။
၅ – မုန်ဆိုးမ စစ်စစ်သည် အထီးကျန်သူ၊ ဘုရားသခင်အား အားကိုးသူဖြစ်သည်၊ နေ့နှင့်ည ဆုတောင်းခြင်းများ၊ အသနားခံတောင်းလျှောက်ခြင်းများကို ဆက်တိုက် လုပ်ဆောင်သူဖြစ်သည်။
၆ – သို့သော် သူမသည် အပျော်အပါး၌ အသက်ရှင်နေသည်ဆိုလျှင်၊ သူမသည် ရှင်လျက်ပင် သေနေသူဖြစ်သည်။
၇ – ဤအရာများကို တာဝန်ပေးလော့၊ ထိုသို့ဖြင့် သူတို့သည် အပြစ်တင်ခွင့်ကင်းကြမည်ဖြစ်သည်။
၈ – သို့သော် တစုံတဦးသည် မိမိလူများကို၊ အထူးသဖြင့် မိမိ၏အိမ်ထောင်စုတွင် ရှိသူများကို ကြည့်ရှုစောင့်ရှောက် ကျွေးမွေးခြင်းမပြုလျှင်၊ ထိုသူသည် ယုံကြည်ခြင်းကို ငြင်းပယ်သူဖြစ်သည်၊ မယုံကြည်ဆိုးညစ်သူများထက် ပို၍ဆိုးရွားသူဖြစ်သည်။
၉ – အသက်ခြောက်ဆယ်အောက် မုဆိုးမများကို စာရင်းထဲမထည့်နှင့်၊ ယောကျ်ားတဦးတည်းသာ ရှိခဲ့ဖူးသူ၊
၁၀ – ကောင်းမြတ်သောအလုပ်များကို လုပ်ကိုင်သူဟု သတင်းကောင်းရှိသူဖြစ်ရမည်– သူမသည် မိမိ၏သားသမီးများကို ကောင်းစွာကြည့်ရှုစောင့်ရှောက်သူဖြစ်လျှင်၊ သူမသည် ဧည့်သည်များကို တည်းခိုခွင့်ပေးလျှင်၊ သူမသည် သန့်ရှင်းသူတို့၏ခြေကို ဆေးပေးလျှင်၊ သူမသည် ဒုက္ခရောက်သူများကို သက်သာရစေသူဖြစ်လျှင်၊ သူမသည် ကောင်းမြတ်သောအလုပ်တိုင်းနောက်သို့ ဇွဲရှိစွာ လိုက်သူဖြစ်လျှင် စာရင်းထဲထည့်လော့။
၁၁ – သို့သော် ငယ်ရွယ်သောမုဆိုးမများကို ငြင်းလော့၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ခရစ်တော်ကိုဆန့်ကျင်လျက် တပ်မက်ခြင်းနှင့်ပြည့်ကာ၊ အိမ်ထောင်ပြန်ပြုကြလိမ့်မည်ဖြစ်သည်–
၁၂ – သူတို့၏ ပထမယုံကြည်ခြင်းကို လွှင့်ပြစ်ကြကာ၊ ပြစ်တင်ဝေဖန်ခြင်းကို ခံကြရပါမည်။
၁၃ – ထို့အပြင် သူတို့သည် ပျင်းရိခြင်းကို သင်ယူကြကာ၊ တအိမ်မှတအိမ်သို့ လည်လျက်၊ ပျင်းရိကြသည်သာမက၊ အတင်းအဖျင်းပြောသူများ၊ သူများကိစ္စထဲ စပ်စပ်စုစုပါဝင်သူများ၊ သူတို့မပြောသင့်သည်များကို ပြောဆိုသူများ ဖြစ်လာကြပါမည်။
၁၄ – ထို့ကြောင့် ငယ်သောအမျိုးသမီးများ အိမ်ထောင်ပြုလျက်၊ သားသမီးများ မွေးဖွားခြင်း၊ အိမ်ထောင်ကိုထိန်းသိမ်းခြင်း၊ ထိုသို့ဖြင့် ရန်သူက ပြစ်တင်ဝေဖန်ခြင်းပြုဖို့ အခွင့်အရေးတစုံကိုမျှ မပေးသူများ ဖြစ်ကြခြင်းကို ငါ အလိုရှိပါသည်။
၁၅ – အဘယ့်ကြောင့်ဆိုသော် အချို့တို့သည် စာတန်နောက်သို့ လိုက်ပါသွားကြပြီဖြစ်သည်။
၁၆ – အကယ်၍ တစုံတဦးသော အမျိုးသား (သို့) အမျိုးသမီး၌ မုဆိုးမများ ရှိပါသည်ဆိုလျှင်၊ သူတို့ကို သက်သာရာရကြစေ၊ အသင်းတော်ကို တာဝန်မပေးရ၊ ထိုသို့ဖြင့် အသင်းတော်သည် မုဆိုးမစစ်စစ်ဖြစ်သူများကို သက်သာရာ ရကြစေနိုင်မည်ဖြစ်သည်။
၁၇ – ထိုက်တန်စွာ အုပ်စိုးသော အသင်းလူကြီးများသည် နှစ်ထပ်ကွမ်းလေးစားဂုဏ်ပြုခြင်းကို ခံကြပါစေ၊ အထူးသဖြင့် နှုတ်ကပတ်တော်(စကား)နှင့်ဩဝါဒတို့၌ လုပ်ကိုင်ကြသူ အသင်းလူကြီးများဖြစ်သည်။
၁၈ – အဘယ့်ကြောင့်ဆိုသော် ကျမ်းစာကပြောပါသည်၊ သင်သည် စပါးနယ်သောနွားကို နှုတ်သီးစွပ် မစွပ်ရ။ ထို့အတူ အလုပ်လုပ်သူသည် သူ၏ဆုလာဘ်ကို ခံထိုက်ပါသည်။
၁၉ – အသင်းလူကြီးတဦးအား ဆန့်ကျင်လျက် စွပ်စွဲခြင်းကို လက်မခံနှင့်၊ သို့သော် သက်သေခံ နှစ်ဦး (သို့) သုံးဦးရှေ့၌သာ လက်ခံပါ။
၂၀ – အပြစ်လုပ်သူများကို အားလုံးရှေ့တွင် ဆုံးမပါ၊ ထိုသို့ဖြင့် အခြားသူများလည်း ကြောက်ရွံ့မည်ဖြစ်သည်။
၂၁ – ဘုရားသခင်၏ရှေ့၊ သခင်ယေရှုခရစ်ရှေ့၊ ရွေးကောက်ထားသော ကောင်းကင်တမန်တို့ရှေ့တွင် သင့်ကို ငါ တာဝန်ပေးသည်၊ သင် ဤအကြောင်းအရာများကို စောင့်ရှောက်ထိန်းသိမ်းပါ၊ တခုထက်တခုကို ပို၍နှစ်သက်သည်ဟု မရွေးဘဲ၊ မျက်နှာလိုက်ခြင်းဖြင့် ဘာကိုမှမလုပ်ဘဲ အားလုံးကို စောင့်ရှောက်ထိန်းသိမ်းပါ။

၂၂ – မည်သူ့အပေါ်မှ လက်များကို အလျင်စလို မတင်နှင့်၊ အခြားသူများ၏အပြစ်များ၌ ပါဝင်ဆက်ဆံသူလည်း မဖြစ်နှင့်၊– သင့်ကိုယ်သင် စင်ကြယ်ဖို့ စောင့်ထိန်းလော့။
၂၃ – ရေသက်သက်ကိုသာ မသောက်တော့နှင့်၊ သို့သော် သင့်အစာအိမ်အတွက်နှင့် သင် မကြာခဏဖြစ်တတ်သော မကျန်းမာခြင်းအတွက် ဝိုင်အနည်းငယ်ကို သုံးလော့၊
၂၄ – အချို့သောသူတို့၏အပြစ်များသည် မကြာမီ ပေါ်ထွက်လာတတ်သည်၊ တရားစီရင်ခံရခြင်းသို့ ကြိုတင်သွားတတ်သည်၊ အချို့သောသူတို့၏အပြစ်မှာမူ နောက်မှ လိုက်တတ်ပါသည်။
၂၅ – ထို့အတူ အချို့သောသူတို့၏ ကောင်းမြတ်သောအလုပ်များသည် မကြာမီ ပေါ်ထွက်လာတတ်သည်၊ ထိုသို့မဟုတ်သောသူများ၏ ကောင်းမြတ်သောအလုပ်များကိုလည်း ဖုန်းအုပ်ထား၍မရနိုင်ပါ။

++++++++++++++++++++++++++++

ဒေသနာကျမ်း ၂း၁–၂၆ (ကိုဲန်းဘုရင်မူ)
၁ – ငါ့နှလုံးသားထဲတွင် ငါ ပြောပါသည်၊ လာပါ၊ ယခုတွင် ငါသည် သင့်ကို ပျော်ရွှင်ရယ်မောခြင်းနှင့် တွေ့ကြုံစေမည်၊ ထို့ကြောင့် အပျော်အပါးကို ခံစားစေမည်၊– ကြည့်ပါ ၎င်းသည်လည်း အချည်းမဲ့ခြင်းသာ ဖြစ်ပါသည်။
၂ – ငါသည် ရယ်မောခြင်းကိုပြောပါသည်၊ ၎င်းသည် ရူးသွပ်မှုဖြစ်သည်၊– ပျော်ရွှင်ခြင်းနှင့်ပတ်သက်၍၊ ၎င်းက မည်သည်ကို ပြီးမြောက်စေပါသနည်း?
၃ – ငါ့အသွေးအသားကို ဝိုင်ဖြင့် မည်သို့ဝမ်းမြောက်စေမည်နည်းဟု ငါသည် ငါ့နှလုံးသားထဲ၌ ရှာဖွေပါသည်၊ ငါ့နှလုံးသားကို ဉာဏ်ပညာနှင့် လမ်းညွှန်လျက်၊ မိုက်မဲခြင်းကို မည်သို့ကိုင်တွယ်မည်နည်းဟု ကြံဆပါသည်၊ လူတို့၏သားတို့အတွက် ကောင်းကင်အောက်တွင် အသက်ရှင်ကြစဉ် နေ့ရက်များတလျှောက် မည်သည့်အရာသည် အကောင်းဆုံးဖြစ်မည်ကို ငါတွေ့မြင်သည်အထိ ဖြစ်ပါသည်။
၄ – ငါသည် ငါ့အတွက် ကြီးမြတ်သောလုပ်ကိုင်ခြင်းများကို ပြုခဲ့ပါသည်၊– ငါသည် ငါ့အတွက် အိမ်များကိုဆောက်ခဲ့သည်၊ စပျစ်ဥယျာဉ်များကိုလည်း စိုက်ပျိုးခဲ့သည်၊–
၅ – ငါသည် ငါ့အတွက် ဥယျာဉ်များ၊ သစ်သီးခြံများနှင့် မျိုးစုံသောအသီးအပွင့်တို့ကို သီးပွင့်ကြမည့် သစ်ပင်များကို စိုက်ပျိုးခဲ့ပါသည်၊–
၆ – ငါသည် ငါ့အတွက် ရေကန်များကို ပြုလုပ်ခဲ့သည်၊ သစ်များကိုထုတ်လုပ်မည့် သစ်ပင်များကို ရေလောင်းဖို့ဖြစ်သည်၊–
၇ – ငါသည် ငါ့အတွက် အစေခံများ၊ အစေခံမများနှင့် ငါ့အိမ်တွင် ဖွားမြင်သောအစေခံများကို ရရှိစေခဲ့သည်၊– ငါ့ယခင် ဂျေရုဆလင်မြို့တွင် ရှိခဲ့သူများအားလုံးက ပိုင်ဆိုင်ခဲ့ကြသည်ထက် ပို၍များပြားသော တိရိစ္ဆာန်အကြီးအငယ်တို့ပါဝင်သည့် တိရိစ္ဆာန်အုပ်များကို ပိုင်ဆိုင်ခဲ့ပါသည်၊–
၈ – ငါသည် ငါ့အတွက် ရွှေနှင့်ငွေတို့ကို၎င်း၊ ရှင်ဘုရင်တို့၏ထူးခြားသောရတနာများကိုလည်း၊ နယ်ပယ်များကို၎င်း စုဆောင်းခဲ့ပါသည်၊– ငါသည် ငါ့အတွက် သီးချင်းဆိုသူ ယောကျ်ားများ၊ မိန်းမများ၊ လူတို့၏သားတို့၏ သဘောကျနှစ်သက်သည်များ၊ ဂီတနှင့်ဆိုင်သောတူရိယာပစ္စည်းများကဲ့သို့သောအရာများနှင့် အခြားမျိုးစုံသောအရာများတို့ကိုလည်း ရယူခဲ့ပါသည်။
၉ – ထို့ကြောင့် ငါသည် ကြီးမြတ်ခဲ့သည်၊ ဂျေရုဆလင်မြို့တွင် ငါ့အရင် နေထိုင်ခဲ့သူအားလုံးတို့ထက် ပို၍ကြီးပွားသူဖြစ်ခဲ့သည်၊– ထို့အတူ ငါနှင့်အတူ ကျန်နေသော ငါ၏ ဉာဏ်ပညာလည်း ဖြစ်ပါသည်။
၁၀ – ငါ့မျက်လုံးတို့ လိုချင်တပ်မက်သော မည်သည့်အရာကိုမဆို ငါ ၎င်းတို့ထံမှ ထိန်းမထားပါ၊ မည်သည့် အပျော်အပါးကိုမှ ငါ့နှလုံးသားအတွက် ငါ ထိန်းမထားပါ၊ ငါ့နှလုံးသားသည် ငါ၏လုပ်ကိုင်ခြင်းအားလုံးကို ဝမ်းမြောက်ဝမ်းသာဖြစ်ပါသည်၊– ၎င်းသည် ငါ့လုပ်ကိုင်ခြင်းအားလုံး၏ ဆုလာဘ်ဖြစ်သည်။
၁၁ – ထို့နောက် ငါသည် ငါ့လက်တို့က လုပ်ကိုင်ခဲ့ပြီးသော အလုပ်များအားလုံးကို ကြည့်ပါသည်၊ ငါကြိုးပမ်းလုပ်ကိုင်ပြီးစီးခဲ့သည်များကိုလည်း ပြန်ကြည့်ပါသည်၊ အားလုံးသည် အချည်းနှီးမဲ့ခြင်းနှင့် ဝိညာဉ်ကိုစိတ်အနှောက်အယှက်ဖြစ်စေခြင်းသာ ဖြစ်ကြသည်၊ နေရောင်အောက်တွင် ဘာအကျိုးအမြတ်မှ မရှိနိုင်ပါ။
၁၂ – ထို့နောက် ငါသည် ငါ့ကိုယ်ငါ ဉာဏ်ပညာ၊ ရူးသွပ်ခြင်းနှင့်မိုက်မဲခြင်းတို့ကို ကြည့်ရှုဖို့ ပြန်လှည့်ပါသည်၊– အဘယ့်ကြောင့်ဆိုသော် ရှင်ဘုရင်နောက်သို့ လာမည့်သူသည် ဘာကိုလုပ်နိုင်ပါသနည်း? လုပ်ခဲ့ပြီးသောအရာများပင် ဖြစ်နေကြပါသည်။
၁၃ – ထိုအခါ ဉာဏ်ပညာသည် မိုက်မဲခြင်းထက် သာလွန်ကြောင်း ငါ တွေ့မြင်ခဲ့ပါသည်၊ အလင်းသည် မှောင်မိုက်ထက် ပို၍သာလွန်သကဲ့သို့ ဖြစ်သည်။
၁၄ – ပညာရှိ၏မျက်လုံးတို့သည် သူ၏ဦးခေါင်းထဲတွင် ရှိကြသည်၊– သို့သော် မိုက်မဲသူမှာ အမှောင်ထဲတွင် လျှောက်လှမ်းပါသည်၊– သို့သော် ငါကိုယ်တိုင် သဘောပေါက်မိသည်မှာ အဖြစ်အပျက်တစ်ခုသည် သူတို့အားလုံးထံတွင် ဖြစ်ပျက်သည်ဆိုသည့်အကြောင်းကို ဖြစ်သည်။
၁၅ – ထိုအခါ ငါသည် ငါ့နှလုံးသားကို ပြောပါသည်၊ မိုက်မဲသူထံ ဖြစ်ပျက်သလို၊ ငါ့ထံသို့လည်း ဖြစ်ပျက်ပါသည်၊ ထိုသို့ဖြစ်လျှင် ငါသည် အဘယ်သို့ ပို၍ပညာရှိသူ ဖြစ်နိုင်ပါမည်နည်း? ထိုအခါ ငါသည် ငါ့နှလုံးသားကို ပြောပါသည်၊ ထိုအရာသည်လည်း အချည်းနှီးမဲ့ခြင်းပင် ဖြစ်ပါသည်။

၁၆ – အဘယ့်ကြောင့်ဆိုသော် မိုက်မဲသူကို အမြဲတမ်း သတိမရသည်ထက် ပို၍ ပညာရှိကို သတိရခြင်းမျိုး မရှိပါ၊– ယ္ခုချိန်တွင် မြင်နေရခြင်းကို နောက်လာမည့်နေ့ရက်များတွင် မေ့လျော့ကြတော့မည့်ဖြစ်ပါသည်။ ပညာရှိသည် မည်သို့သေဆုံးသနည်း ? မိုက်မဲသူကဲ့သို့ပင် ဖြစ်ပါသည်။
၁၇ – ထို့ကြောင့် ငါသည် ဘဝကို မုန်းတီးမိပါသည်၊ အဘယ့်ကြောင့်ဆိုသော် နေရောင်အောက်တွင် လုပ်သောအလုပ်သည် ငါ့အတွက် ဆိုးရွားကြပါသည်၊– အဘယ့်ကြောင့်ဆိုသော် အားလုံးသည် အချည်းနှီးမဲ့ခြင်းဖြစ်သည်၊ ဝိညာဉ်ကို စိတ်အနှောက် အ ယှက်ဖြစ်စေခြင်းများသာ ဖြစ်ကြပါသည်။
၁၈ – မှန်သည်၊ ငါသည် ငါလုပ်သမျှအားလုံးကို မုန်းပါသည်၊ နေရောင်အောက်တွင် ငါ ရယူခဲ့သည်များအားလုံးကိုဖြစ်သည်၊– အဘယ့်ကြောင့်ဆိုသော် ငါသည် ထိုအရာများအားလုံးကို ငါ့နောက် လာမည့်သူအတွက် ထားခဲ့ရမည်ဖြစ်ပါသည်။
၁၉ – သူသည် ပညာရှိဖြစ်သလော (သို့) မိုက်မဲသူဖြစ်သလော မည်သူ သိလိမ့်မည်နည်း? ထိုသို့ဖြစ်သော်လည်း သူသည် ငါကြိုး ပမ်းလုပ်ကိုင်ခဲ့ပြီးစီးခဲ့သော အလုပ်တို့ကို အုပ်ချုပ်ရပါမည်လော၊ ငါ့ကိုယ်ငါ ထိုအရာများဖြင့် နေရောင်အောက်တွင် ပညာရှိသူဟု ပြသခဲ့ပါသည် မဟုတ်လော။ ထိုအရာသည်လည်း အချည်းမဲ့ခြင်းသာ ဖြစ်ပါသည်။
၂၀ – ထို့ကြောင့် ငါသည် ငါ့နှလုံးသားကို ပြန်လှည့်ကာ၊ နေရောင်အောက်တွင် ငါရယူခဲ့သမျှ ကြိုးပမ်းအားထုတ်ခြင်းများ အားလုံး အပေါ် မျှော်လင့်ချက်ကုန်းခမ်းနေပါတော့သည်။
၂၁ – အဘယ့်ကြောင့်ဆိုသော် လူတဦး ဉာဏ်ပညာဖြင့်၄င်း၊ အသိပညာဖြင့်၄င်း၊ စာနာထောက်ထားခြင်းဖြင့်၄င်း ကြိုးပမ်းလုပ်ကိုင် သောအရာ ရှိပါသည်၊ ထိုသို့ဖြစ်သော်လည်း သူသည် သူ၏ဝေစုများကို ထိုအရာများအတွက် ဘာမှကြိုးပမ်းလုပ်ကိုင်ခြင်း မရှိသူအ တွက် ထားခဲ့ရလိမ့်မည်ဖြစ်သည်။ ထိုအရာသည်လည်း အချည်းနှီးဖြစ်ခြင်းသာ ဖြစ်ပါသည်၊ ကြီးမြတ်သောဆိုးညစ်ခြင်းလည်း ဖြစ် ပါသည်။
၂၂ – အဘယ့်ကြောင့်ဆိုသော် လူသည် သူ၏ကြိုးပမ်းအားထုတ်ခြင်းအားလုံးအတွက် ဘာကို ရပါသနည်း? သူ့နှလုံးသား၏ စိတ် အနှောက်အယှက်ဖြစ်ရခြင်းဖြင့် နေရောင်အောက်တွင် သူ ကြိုးပမ်းခဲ့ရသမျှအတွက် ဘာကိုရပါသနည်း?
၂၃ – သူ၏နေ့ရက်အားလုံးသည် ဝမ်းနည်းစရာများသာဖြစ်သည်၊ သူ၏ ပူဆွေးသောကဝေဒနာများသာ ဖြစ်ပါသည်၊– မှန်သည်၊ သူ၏နှလုံးသားသည် ညအခါ အနားမရပါ။ ထိုအရာသည်လည်း အချည်းနှီးမဲ့ခြင်းသာဖြစ်ပါသည်။
၂၄ – လူတဦးအတွက် စားလျက်သောက်လျက်နေခြင်းထက် ပိုကောင်းသောအရာ မရှိပါ၊ ထိုသို့ဖြင့် သူ့ဝိညာဉ်သည် သူ၏ကြိုးပမ်း လုပ်ကိုင်ခြင်းထဲတွင် ကောင်းစွာမွေ့လျော်နိုင်ပါမည်။ ထိုအရာသည်လည်း ဘုရားသခင်၏လက်တော်မှနေ၍ လာသောအရာဖြစ် သည်ဟု ငါ တွေ့ခဲ့ပါသည်။
၂၅ – အဘယ့်ကြောင့်ဆိုသော် မည်သူသည် စားနိုင်သနည်း? (သို့) မည်သူသည် ငါ့ထက်ပို၍ ထိုအရာသို့ အလျင်အမြန်သွားနိုင်ပါ သနည်း?
၂၆ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် လူတဦးထံ သူသဘောကျတော်မူသည့်အတိုင်း ဉာဏ်ပညာ၊ အသိပညာ၊ ဝမ်း မြောက်ခြင်းတို့ကို ပေးတော်မူပါသည်၊– သို့သော် အပြစ်သားထံသို့ သူသည် ကိုယ်ရောစိတ်ပါပင်ပန်းရသောအလုပ်ကို ပေးတော်မူပါ သည်၊ စုစည်းရန်နှင့်စုပုံရန် ခိုင်းပါသည်၊ ထိုသို့ဖြင့် သူသည် ဘုရားသခင့်ရှေ့တွင် ကောင်းသောသူကို ပေးဖို့ရန်ဖြစ်ပါသည်။ ထိုအ ရာသည်လည်း အချည်းနှီး ဖြစ်ခြင်းနှင့် ဝိညာဉ်အတွက် စိတ်အနှောက်အယှက်ဖြစ်ခြင်းသာ ဖြစ်ပါသည်။

××××××××××××

## သခင်ဘုရား၏နေ့ (၃၁)

၈၃။ မည်သည်တို့သည် ကောင်းကင်နိုင်ငံ၏သော့များ ဖြစ်ကြသနည်း?

သန့်ရှင်းသောဧဝံဂေလိတရားဟောခြင်းနှင့် ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်း (သို့) ခရစ်ယာန်အသင်းတော်မှ ထုတ် ပယ်ခြင်း စသည်တို့ဖြစ်သည်။ ၎င်းတို့အားဖြင့် ကောင်းကင်နိုင်ငံတော်သည် ယုံကြည်သူတို့ထံသို့ဖွင့်လျက် မယုံကြည်သူတို့ထံသို့ ပိတ်လျက်ရှိ၏။
(မဿဲ ၁၆း၁၉၊ ယော ၂၀း၂၃၊ မဿဲ ၁၈း၁၅–၁၈)

၈၄။ သန့်ရှင်းသောဧဝံဂေလိတရားဟောခြင်းအားဖြင့် ကောင်းကင်နိုင်ငံသည် မည်ကဲ့သို့ ပိတ်ခြင်း၊ ဖွင့်ခြင်းများ ဖြစ်ပါသနည်း?

ဤသို့ဖြစ်သည်။ သခင်ခရစ်တော်၏ မိန့်တော်မူချက်အတိုင်း ဧဝံဂေလိတရားကို အားလုံးသောယုံကြည်သူအယောက်တိုင်း ထံသို့ ကြေညာလျက်၊ လူသိရှင်ကြား သက်သေခံသည့်အခါ ဧဝံဂေလိတရား၏ ကတိတော်များကို စစ်မှန်သောယုံကြည်ခြင်းဖြင့် လက်ခံကြသဖြင့်၊ သူတို့၏အပြစ်များကို သခင်ခရစ်တော်၏ ထိုက်တန်မှုများကြောင့် ဘုရားသခင်က တကယ်ပင် ခွင့်လွှတ်တော်မူ သည်။ ထိုမှဆန့်ကျင်စွာ ဧဝံဂေလိတရားကို မယုံကြည်သူအားလုံးတို့ထံသို့ ကြေညာသက်သေခံသည့်အခါ ရိုးသားသောနောင်တရ ခြင်း မရှိသဖြင့် ဘုရားသခင်၏အမျက်တော်အောက်နှင့် ထာဝရပြစ်ဒဏ်စီရင်ခံရခြင်း၌ ရှိနေကြ၏။ မပြောင်းလဲသမျှကာလပတ်လုံး ထိုသို့ရှိနေကြပါမည်။ ဧဝံဂေလိတရား၏သက်သေအားဖြင့် ထိုသူတို့ကို ဘုရားသခင်က ယ္ခုဘဝ၌၄င်း၊ နောင်ဘဝ၌၄င်း တရားစီရင် မည်ဖြစ်၏။
(မဿဲ ၂၈း၁၉၊ ယော၃း၁၈၊၃၆၊ မာကု၁၆း၁၆၊ ၂သက် ၁း၇–၉၊ ယော ၂၀း၂၁–၂၃၊ မဿဲ ၁၆း၁၉၊ ရော၂း၂၁၃–၁၇)

၈၅။ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ကောင်းကင်နိုင်ငံသည် မည်ကဲ့သို့ပိတ်ခြင်း၊ ဖွင့်ခြင်းများ ဖြစ်ပါသနည်း?

ဤသို့ဖြစ်သည်။ ခရစ်ယာန်ဟုအမည်ခံသူတချို့တို့သည် ခရစ်ယာန်အယူဝါဒများကို ထိန်းသိမ်းမှုနှင့်၊ (သို့) လက်တွေ့အသက်ရှင်မှုများနှင့် ရှေ့နောက်မညီဖြစ်တတ်သည်။ ထိုအခါ သူတို့၏အမှားများနှင့် မိုက်မဲသောအသက်တာကို စွန့်ပစ်ရန် ညီရင်းအကိုစိတ်နှင့် အကြိမ်ကြိမ်ဆုံးမနေသော်လည်း မစွန့်လွှတ်ဘဲရှိတတ်သည်။ ထိုအကြောင်းအရာကို အသင်းတော်သို့တိုင်ကြားပြီး (သို့) ထိုသူတို့ကို အသင်းတော်မှစေလွှတ်သူများအားဖြင့် ဆိုဆုံးမသော်လည်း ဆုံးမခြင်းကို အထင်သေးသည့်အခါ၊ သခင်ခရစ် တော်မိန့်တော်မူခဲ့သည့်အတိုင်း၊ ထိုသူတို့ကိုပွဲတော်မင်္ဂလာများ အသုံးပြုခြင်းမှ တားမြစ်ရမည်။ ထိုသို့ဖြင့် ထိုသူတို့ကို ခရစ်ယာန်အသင်းတော်မှ ထုတ်ပယ်ရမည်။ ထိုသို့ထုတ်ပယ်ခြင်းသည် ဘုရားသခင်ကိုယ်တိုင်က သခင်ခရစ်တော်၏နိုင်ငံတော်မှ ထုတ်ပယ်ခြင်းဖြစ်သည်။ ထိုသူတို့က ပြောင်းလဲပါမည်ဟု ကတိပေး၍၊ အသက်တာ၌လည်း တကယ်ပင်ပြောင်းလဲကြောင်း ပြသလာချိန်တွင် သခင်ခရစ်တော်နှင့်သူ့အသင်းတော်၏ အသင်းသားအဖြစ် ပြန်လည်၍လက်ခံရပါမည်။

(မဿဲ ၁၈း၁၅၊ ၁ကော ၅း၁၁–၁၂၊ မဿဲ ၁၈း၁၅–၁၈၊ ရော ၁၂း၇–၉၊ ၁ကော ၁၂း၂၈၊ ၁တိ ၅း၁၇၊ ၂သက် ၃း၁၄၊ မဿဲ ၁၈း၁၇၊ ၁ကော ၅း၃–၅၊ ၂ကော ၂း၆–၈၊ ၁၀–၁၁၊ လု ၁၅း၁၈)